# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**အလျှုဒါနကို ဝမ်းမြောက်နိုင်၏**

စေးနည်းဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် အလှူဒါနကို မချီးမွမ်းကြကုန်။ ပညာရှိသည်သာ အလှူဒါနကို ဝမ်းမြောက်နိုင်၏။ ထိုဝမ်းမြောက်မှုကြောင့်သာလျှင် ထိုပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။

လောကဝဂ် (ဓမ္မပဒ-၁၇၇)

၁၃၈၅ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက် | ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ ၁၅ ရက်၊ သောကြာနေ့ | အတွဲ (၆၃)၊ အမှတ်(၀၇၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ခဲ့ခြင်းကြောင့် ယခင်ကထက် အဆပေါင်းများစွာ ပြောင်းလဲတိုးတက်လျက်ရှိနေသည်မှာ အားလုံးအသိပင်ဖြစ်

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၄၉)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

(၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်)

**ချစ်ခင်လေးစားအပ်ပါသော ရခိုင်ပြည်နယ်အတွင်းရှိ မိဘပြည်သူညီအစ်ကို မောင်နှမအပေါင်းတို့ခင်ဗျာ**

ယနေ့ကျရောက်သော (၄၉) နှစ်မြောက် ရခိုင်ပြည်နယ်နေ့၏ နေ့ထူးနေ့မြတ်အခါသမယတွင် ရခိုင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများနှင့် ပြည်ထောင်စုတစ်ဝန်းလုံးရှိ မိဘပြည်သူတိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ရခိုင်ပြည်နယ်နေ့သည် ရခိုင်တိုင်းရင်းသားတို့အတွက် ထူးခြားလေးနက်သော ဝိသေသများနှင့်ပြည့်စုံပြီး ဂုဏ်ယူဖွယ်ရာ မင်္ဂလာရှိသောနေ့ဖြစ်ပါသည်။ ၁၉၇၄ ခုနှစ်တွင် ရေးဆွဲအတည်ပြုခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒီဇင်ဘာလ(၁၅)ရက်နေ့ကို ရခိုင်ပြည်နယ်နေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။ ရခိုင်တိုင်းရင်းသားအားလုံး၏ နေ့ထူးနေ့မြတ်အခါသမယဖြစ်သော ရခိုင်ပြည်နယ်နေ့အခမ်းအနားကို နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်ခဲ့ရာ (၄၉)နှစ်တိုင်ရောက်ရှိခဲ့ပြီ ဖြစ်ပါသည်။

ရခိုင်ပြည်နယ်သည် ပထဝီဝင်အနေအထားအရ အနောက်ဘက် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်စပ်လျက်ရှိပြီး သဘာဝသယံဇာတများ ပေါကြွယ်ဝခြင်း၊ အဖိုးတန်ထွက်ကုန်များ ထုတ်လုပ်နိုင်ခြင်းတို့အပြင် ရှည်လျားလှပသည့် ပင်လယ်ကမ်းရိုးတန်းနှင့် စိမ်းလန်းသာယာသည့် ပတ်ဝန်းကျင်ရှုခင်းများဖြင့် သာယာလှပသော ပြည်နယ်တစ်ခု ဖြစ်ပါသည်။ ဗုဒ္ဓမြတ်စွာသာသနာတော် ထွန်းကားပြန့်ပွားရာဒေသဖြစ်ပြီး “သဇင်ပန်းခိုင် တစ်မြိုင်မြိုင် ရခိုင်ဘုရားပေါင်း” ဆိုသည့်စကားအတိုင်း

စာမျက်နှာ ၃ ကော်လံ ၁ ❒

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၆/၂၀၂၃) သို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဒီဇင်ဘာ ၁၄

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၆/၂၀၂၃) ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ကျင်းပရာ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ဦးထွန်းအုံ ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အသင်းအဖွဲ့များမှဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး စာမျက်နှာ ၄ ကော်လံ ၁ ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၆/၂၀၂၃) တွင် အမှာစကားပြောကြားစဉ်။

ယနေ့ ဖတ်စရာ

ကိုဗစ်ကြောင့် ရပ်နားထားခဲ့ရသော ကုန်တင်ယာဉ်များ မှတ်ပုံတင်ခြင်း ဇန်နဝါရီ ၁ ရက်မှစ၍ ပြန်လုပ်ပေးတော့မည် — ပြည်တွင်းသတင်း — စာ ၃

တွဲလက်ညီညီရှေ့သို့ချီ တိုင်းရင်းဆေးသမားတော်များ ညီလာခံဆီ — ဆောင်းပါး — စာ ၆

အကြမ်းဖက်ဝဲဂယက် အတွင်းက ရုန်းထွက်ချိန်တန်ပြီ — ဆောင်းပါး — စာ ၁၀

## တစ်မျိုးသားလုံးပါဝင်ရမည့် အမျိုးသားရေးတာဝန်တစ်ရပ်

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ဝန်ထမ်းများ အရည်အသွေးမြင့်မားပြီး တာဝန်ကျေပွန်မှု၊ ကျင့်ဝတ်စောင့်ထိန်းမှုနှင့် စည်းကမ်းလိုက်နာမှုတို့က လွန်စွာအရေးကြီးသည်။ နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်လာသည်နှင့် လောဘစိတ်၊ ဒေါသစိတ်၊ အတ္တလွန်ကဲသည့်စိတ်များ မိမိတို့၏ စိတ်သန္တာန်တွင် လွှမ်းမိုးမလာစေရန် ချိုးနှိမ်ထိန်းချုပ်၍ မိမိ၏အလုပ်တာဝန်နှင့် ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူနိုင်ဖို့လိုသည်။ ဝန်ထမ်းများ၏ စိတ်ပိုင်းဆိုင်ရာအခြေအနေများ အားနည်းချက်ဖြစ်ပေါ်ပြီး တာဝန်၊ စည်းကမ်းနှင့် ကျင့်ဝတ်ဆိုင်ရာ လျော့နည်းဖောက်ဖျက်မှုတို့ဖြစ်ပေါ်လာပါက အုပ်ချုပ်မှုစနစ်ကို ထိခိုက်စေပြီး နိုင်ငံကို တာဝန်ယူထားသည့် အစိုးရတစ်ရပ်၏ပုံရိပ်ကိုပါ ပျက်စီးစေသည်ကို သတိပြုကြရမည်ဖြစ်သည်။

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၆/၂၀၂၃) တွင် ဦးဆောင်ကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားရာ၌ တရားမဝင်ကုန်သွယ်မှုများတွင် ဝန်ထမ်းများ ပါဝင်ပတ်သက်မှုမရှိစေရေး၊ ငွေကြေးတောင်းခံမှုများ မရှိစေရေး၊ လာဘ်ပေးလာဘ်ယူမှုများ မရှိစေရေးတို့အတွက် အထူးမှာကြားမှုပြုခဲ့သည်ကို တွေ့ရသည်။ စင်စစ်အားဖြင့် အဂတိလိုက်စားမှုနှင့် တရားမဝင်ကုန်သွယ်မှုတို့သည် ဒင်္ဂါးတစ်ပြား၏ ခေါင်းနှင့်ပန်းသဖွယ်ပင်ဖြစ်ပြီး နှစ်ခုစလုံးမှာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုဖြစ်ပေါ်မလာအောင် ဟန့်တားနှောင့်ယှက်ပိတ်ဆို့တားဆီးနေကြသည့်အရာများဖြစ်သကဲ့သို့ နိုင်ငံနှင့် လူမျိုးကို ဆင်းရဲတွင်းသို့ နစ်သည်ထက်နစ်အောင် ဆွဲနှစ်နေကြသည့်အရာများလည်းဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးသည် အဓိကအရေးပါသည့်အလျောက် “အမျိုးသားရေးတာဝန်” တစ်ရပ်အဖြစ် သတ်မှတ်၍ သက်ဆိုင်ရာတာဝန်ရှိဝန်ထမ်းများသာမက နိုင်ငံသားအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုသည်။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အောင်မြင်အောင် ဆောင်ရွက်ရာတွင် ဝန်ထမ်းများ၏အခန်းကဏ္ဍမှာ အခရာပင်ဖြစ်ရာ အဆင့်ဆင့်သော ဝန်ထမ်းများ ပါဝင်ပတ်သက်မှုမရှိစေရေး၊ ငွေရေးကြေးရေးနှင့် လာဘ်ပေးလာဘ်ယူမှုတို့ ကင်းရှင်းရေးအတွက် နိုင်ငံတော်အကြီးအကဲပိုင်းက အလေးအနက်ထားကာ အကြိမ်ကြိမ်မှာကြားလျက်ရှိသည်။ သို့ရာတွင် တာဝန်ကျဝန်ထမ်းများက တရားမဝင်ကုန်သွယ်မှုများတွင် ငွေကြေးရယူပြီး ဖြတ်သန်းခွင့်ပြုခြင်း၊ တရားမဝင်ကုန်စည်များ ပါ၊ မပါကို မျက်ကွယ်ပြုပြီး လာဘ်ငွေရယူ စေလွှတ်ခွင့်ပြုခြင်း၊ တရားမဝင်ကုန်စည်များ တင်ဆောင်လာသည်ကို သိရှိလျက်နှင့် ဖမ်းဆီးအရေးယူခြင်းမပြုဘဲ ငွေကြေးရယူပြီး လွှတ်ပေးခြင်း၊ တားဆီးစစ်ဆေးရာတွင် တရားမဝင်ကုန်စည်များ တွေ့ရှိသော်လည်း တန်ဖိုးနည်းကုန်စည်အချို့ကိုသာ ဟန်ပြဖမ်းဆီးအရေးယူခြင်း စသည့်နည်းမျိုးစုံနှင့် ပတ်သက်နေသည်ဟု သတင်းများကြားသိနေရကြောင်းနှင့် တာဝန်ရှိသူအဆင့်ဆင့်က ကြပ်ကြပ်မတ်မတ်စစ်ဆေးပြီး ထိထိရောက်ရောက်အရေးယူကြရန် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ ဥက္ကဋ္ဌက အထူးမှာကြားခဲ့သည်ကိုလည်း အလေးအနက်ခံယူကာ လောဘ၏ သွေးဆောင်ရာနောက်သို့ ဆက်လက်မလိုက်ပါကြရန် တိုက်တွန်းလိုသည်။

အဂတိလိုက်စားမှုများတွင် လာဘ်ပေးလာဘ်ယူမှု၊ အလွဲသုံးစားပြုမှု၊ မလျော်ဩဇာအာဏာသုံးစွဲမှု၊ လုပ်ငန်းတာဝန်ကို အလွဲသုံးစားပြုမှု၊ တရားမဝင်နည်းလမ်းဖြင့် ကြွယ်ဝချမ်းသာလာမှု၊ ငွေကြေးခဝါချမှု၊ အဆိုပါပြစ်မှုများနှင့် ဆက်နွှယ်သည့် ဖုံးကွယ်မှုနှင့် တရားစီရင်ခြင်းကို နှောင့်ယှက်ဟန့်တားမှုတို့ ပါရှိသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ အဂတိလိုက်စားမှုများ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်နေပါက အစိုးရအဖွဲ့အစည်းများနှင့် အုပ်ချုပ်ရေးယန္တရားတို့အပေါ်တွင်လည်းကောင်း၊ လူမှုစနစ်နှင့် လူ့အဖွဲ့အစည်း၏ ကျင့်ဝတ်သိက္ခာတန်ဖိုးထားမှုတို့အပေါ်တွင်လည်းကောင်း ပြည်သူလူထုက ယုံကြည်မှုကင်းမဲ့လာစေတတ်သည်။ တရားမဝင်ကုန်သွယ်မှုနှင့်အတူ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကိုပါ တစ်မျိုးသားလုံးပါဝင်ဆောင်ရွက်ကြရမည့် “အမျိုးသားရေးတာဝန်” အဖြစ် သတ်မှတ်၍ အောင်မြင်မှုရသည်အထိ ကြိုးပမ်းဆောင်ရွက်ကြရပါမည့်အကြောင်း။ ။



## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ UNHCR ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်ဖြစ်သူ Ms. Noriko Takagi အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၁၄**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (United Nations High Commissioner for Refugees–UNHCR)၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်ဖြစ်သူ Ms. Noriko Takagi အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

ထိုသို့ တွေ့ဆုံစဉ် မြန်မာအစိုးရနှင့် UNHCR တို့အကြား လက်ရှိ ပူးပေါင်းဆောင်ရွက်နေမှုနှင့် အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ် Ms.Noriko Takagi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(United Nations High Commissioner for Refugees– UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ် Ms. Noriko Takagi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ်(၄၁) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂)၌ လက်ခံတွေ့ဆုံသည်။ (ဝဲပုံ)



ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံပြည်သူများအား လူသားချင်းစာနာမှုအကူအညီများ ပေးအပ်နိုင်ရေးအတွက် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်မည့်နည်းလမ်းများနှင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

## ထိုင်းနိုင်ငံရောက်မြန်မာလုပ်သားများ ဝင်ငွေခွန်ထမ်းဆောင်ရာတွင် အထွေထွေလုပ်သားများက လစဉ်အခွန် ဘတ် ၁၅၀ နှင့် ကုမ္ပဏီလုပ်သားများ အပါအဝင် White Collar များက လစဉ် ၈၂၂ ဘတ် ပေးဆောင်ရမည်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ထိုင်းနိုင်ငံရောက် မြန်မာလုပ်သားများ ဝင်ငွေခွန်ထမ်းဆောင်ရာတွင် အထွေထွေလုပ်သားများစသည့် Blue Collar များက လစဉ်အခွန် ဘတ် ၁၅၀ ပေးဆောင်ရမည်ဖြစ်ပြီး ကုမ္ပဏီလုပ်သားများအပါအဝင် White Collar များအနေဖြင့် လစဉ် ၈၂၂ ဘတ် ပေးဆောင်ရမည်ဖြစ်ကြောင်း ဘန်ကောက်မြို့ရှိ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ သိရသည်။

သံရုံး၏ထုတ်ပြန်ချက်တွင် ထိုင်းနိုင်ငံ၌ အလုပ်လုပ်ကိုင်နေသော မြန်မာနိုင်ငံသားများတွင် စက်ရုံ/အလုပ်ရုံ၊ စိုက်ပျိုး/မွေးမြူရေး၊ ဆောက်လုပ်ရေး၊ ဝန်ဆောင်မှုလုပ်ငန်း၊ အထွေထွေလုပ်သားစသည့် Blue Collar များ၏ လစာဝင်ငွေကို ဘတ် ၇၅၀၀ နှုန်းသတ်မှတ်ထားပြီး ဝင်ငွေခွန် နှစ်ရာခိုင်နှုန်းအဖြစ် ဘတ် ၁၅၀ လစဉ်ပေးသွင်းရမည်ဖြစ်ကြောင်း အသိပေးထားသည်။

ထိုသို့ပေးသွင်းခြင်းဖြင့် လစဉ်ဘတ် ၇၅၀၀ နှင့်ညီမျှသောမြန်မာကျပ်ငွေကို ငွေဖြူအဖြစ် ခံစားခွင့်ရရှိကာ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိချိန် အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်း၊ မော်တော်ယာဉ်စသည်တို့ကို ဝယ်ယူရာတွင် စုဆောင်းထားသော ငွေဖြူစာရင်းအပေါ် တွက်ချက်၍ ဝင်ငွေခွန်လျှော့ပေါ့ပေးခြင်းကို ခံစားခွင့်ရရှိမည်ဟုလည်း သိရသည်။

ထို့ပြင် ထိုင်းနိုင်ငံ၏ ကုမ္ပဏီများ (ရေကြောင်းကုမ္ပဏီများအပါအဝင်)၊ ဆေးရုံများ၊ တက္ကသိုလ်/ကောလိပ်များ၊ ဆောက်လုပ်ရေးအင်ဂျင်နီယာများ၊ စက်ရုံ/အလုပ်ရုံ အင်ဂျင်နီယာများစသည့် White Collar လုပ်သားများ၏ ဝင်ငွေခွန်ကိုကောက်ခံရာတွင် လစာဝင်ငွေအပေါ် နှစ်ရာခိုင်နှုန်းအခွန်တွက်ချက်ထားသော်လည်း ထိုင်းနိုင်ငံတွင် အခွန်ဆောင်ထားပါက နှစ်ရာခိုင်နှုန်း အခွန်တွက်ချက်ရငွေမှနုတ်၍ ကျန်ငွေကိုသာ ပေးသွင်းရမည်ဟုလည်း ပါရှိသည်။

ထို့ကြောင့် လစာ ဘတ် ၈၀၀၀၀၊ ထောက်ပံ့ငွေစရိတ် ဘတ် ၁၀၀၀၀ စုစုပေါင်း ဘတ် ၉၀၀၀၀ ရရှိသူသည် အခွန် နှစ်ရာခိုင်နှုန်းအရ လစဉ်ဘတ် ၁၈၀၀ ပေးဆောင်ရမည်ဖြစ်သော်လည်း ထိုင်းနိုင်ငံသို့ အခွန် ၉၇၈ ဘတ် ပေးဆောင်ထားရသဖြင့် မြန်မာနိုင်ငံသို့ လစဉ် ၈၂၂ ဘတ်သာ ပေးဆောင်ရမည်ဟု သိရသည်။

ငွေဖြူခံစားခွင့်အနေဖြင့် ဘတ် ၄၁၁၀၀ နှင့်ညီမျှသော မြန်မာငွေကျပ်ကို ခံစားနိုင်မည်ဖြစ်ကြောင်းလည်းပါရှိသည်။ White Collar အခွန်ထမ်းများသည် မြန်မာသံရုံးသို့ အခွန်လာရောက်ထမ်းဆောင်ချိန်တွင် သက်ဆိုင်ရာကုမ္ပဏီ/ဌာန၏ Pay Slip ၊(သို့မဟုတ်)Salary Certificate နှင့် Tax Slip များကို ယူဆောင်လာရမည်ဖြစ်ကြောင်းလည်း သိရသည်။

အခွန်ထမ်းဆောင်သူများအနေဖြင့် QR Code အမှတ်အသားပါရှိသည့် အခွန်ပေးသွင်းမှုအထောက်အထားလက်မှတ်ကို ပြန်လည်ပေးအပ်ရမည်ဖြစ်ပြီး ပျောက်ဆုံး၊ ပျက်စီးခြင်းမရှိစေရေး ကာယကံရှင်က ထိန်းသိမ်းထားရန်လိုအပ်ကြောင်းလည်း သံရုံး၏ ထုတ်ပြန်ချက်တွင်ပါရှိသည်။

ဝင်ငွေခွန်ထမ်းဆောင်ရာတွင် တစ်ဦးလျှင် ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအထိ တစ်လလျှင် ဘတ် ၁၅၀ နှုန်းဖြင့် သုံးလစာ၊ ဘတ် ၄၅၀ အခွန်ပေးသွင်းရမည်ဖြစ်ပြီး နောက်ပိုင်းကာလများ၌ လစဉ် သုံးလတစ်ကြိမ်၊ ခြောက်လတစ်ကြိမ်၊ ကိုးလတစ်ကြိမ် ပေးသွင်းနိုင်သည်ဟုဆိုသည်။ MT

❒ *ရှေ့ဖုံးမှ*

ရှေးဟောင်းစေတီပုထိုးများနှင့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ၊ အနုပညာလက်ရာများ ပေါကြွယ်ဝသောပြည်နယ်ဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားညီအစ်ကိုမောင်နှမအပေါင်းတို့ခင်ဗျာ**

ယနေ့အချိန်အခါသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်တာဝန်အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တာဝန်ယူဆောင်ရွက်လျက်ရှိသော အရေးပေါ်ကာလဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ကို စတင်တာဝန်ယူသည့် အချိန်မှစပြီး ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များကို အဆင့်ဆင့်ချမှတ်ခဲ့ရာ လက်ရှိတွင်လည်း ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက် (၉) ရပ်တို့ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူအားလုံးအတွက် ငြိမ်းချမ်းသာယာဝပြောသည့် အနာဂတ်ကိုရည်မှန်းလျက် ကောင်းမွန်သည့် ပစ္စုပ္ပန်ကို တည်ဆောက်လျက်ရှိပါသည်။ **“တိုင်းပြည် သာယာဝပြောရေး”** နှင့် **“စားရေရိက္ခာဖူလုံရေး”** ကို အမျိုးသားရေး ရည်မှန်းချက်အဖြစ် ဦးတည်ထားရှိပြီး **“စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေး”** နှင့် **“ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရေး”** ကို နိုင်ငံရေးရည်မှန်းချက်အနေဖြင့် ချမှတ်ထားရှိပါသည်။ ချမှတ်ထားသည့် ရည်မှန်းချက်များ၊ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ ပြည့်ဝစေရေးနှင့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာဖြစ်စေရေးတို့အတွက် နိုင်ငံတော်အစိုးရနှင့်တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများနှင့် တစ်သားတည်းရှိပြီး အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမအပေါင်းတို့ခင်ဗျာ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် “ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ” ကို ဖွဲ့စည်းပြီး ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေးနှင့် လျှပ်စစ်ကဏ္ဍများအပါအဝင် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကဏ္ဍအလိုက် အစီအမံများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၃ ခုနှစ်၊ မေလအတွင်း အင်အားအလွန်ပြင်းထန်သည့် ဆိုင်ကလုန်းမုန်တိုင်းမိုခါတိုက်ခတ်ခဲ့၍ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပင်လယ်ပြင်တွင် မုန်တိုင်းအစပျိုးဖြစ်စဉ် စတင်ကတည်းကပင် လိုအပ်သည့် စောင့်ကြည့်လေ့လာမှုများ ဆောင်ရွက်ခဲ့ကာ ရေးဆွဲထားပြီးဖြစ်သော သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံချက်ပါအတိုင်း မုန်တိုင်းဖြတ်သန်းရာဒေသများ၌ ထိခိုက်ဆုံးရှုံးမှုနည်းနိုင်သမျှနည်းအောင် ကြိုတင်စီမံဆောင်ရွက်ခဲ့ပါသည်။

ဒေသခံပြည်သူများအတွက် ဆန်ရိက္ခာများ ကြိုတင်စုဆောင်းထားပြီး အချိန်နှင့်တစ်ပြေးညီပေးပို့နိုင်ရန် အသင့်ပြင်ဆင်ထားခြင်း၊ မုန်တိုင်းဝင်ရောက်နိုင်သည့် ခန့်မှန်းနေရာများအလိုက် သတိပေးခြင်းနှင့် ညွှန်ကြားချက်များထုတ်ပြန်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်း၊ မုန်တိုင်းလမ်းကြောင်းတွင်ရှိသည့် ပြည်သူများကို ဘေးလွတ်ရာနေရာသို့ ကြိုတင်ရွှေ့ပြောင်းပေးခဲ့ခြင်း စသည်တို့ကို စနစ်တကျ ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်ခဲ့ပါသည်။ ထို့ကြောင့် ၂၀၀၈ ခုနှစ်၊ နာဂစ်မုန်တိုင်းနှင့်နှိုင်းယှဉ်ပါက လေတိုက်နှုန်း ပိုမိုပြင်းထန်သော်လည်း သေဆုံးမှု၊ ဆုံးရှုံးမှုများသည် အဆပေါင်းများစွာ လျော့နည်းခဲ့ပါသည်။ မုန်တိုင်းတိုက်ခတ်ပြီးချိန်မှစ၍ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ တပ်မတော်နှင့် သက်ဆိုင်ရာအစိုးရအဖွဲ့များ၏ အနီးကပ်ကြီးကြပ်မှု၊ ပြည်တွင်းပြည်ပနိုင်ငံများမှ စေတနာရှင်များ၏ လှူဒါန်းမှု၊ တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်ခဲ့ရာ အချိန်တိုအတွင်း မူလအခြေအနေသို့ ပြန်လည်ရောက်ရှိခဲ့ပြီး မိမိတို့ရည်မှန်းထားသည့်အတိုင်း ပိုမိုကောင်းမွန်သော အခြေအနေတစ်ရပ်သို့ရောက်ရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ဤသည်မှာ ရခိုင်ပြည်နယ်နှင့် ရခိုင်ဒေသ တိုင်းရင်းသားပြည်သူများအပေါ် တိုင်းရင်းသားညီနောင်အချင်းချင်း မိသားစုစိတ်ဓာတ်၊ စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကို ပြသနိုင်ခဲ့ခြင်းပင်ဖြစ်ပါသည်။

> ❖ **ပြည်ထောင်စုကြီးငြိမ်းချမ်းရေးအတွက် NCA လမ်းကြောင်းအတိုင်း လျှောက်လှမ်းခြင်းသာလျှင် မိမိတို့အားလုံးမျှော်လင့်ထားသည့် အေးချမ်းသာယာသောနိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးကိုဖော်ဆောင်ရာတွင် ပြည်ပစွက်ဖက်မှုနှင့် ပြည်တွင်းပယောဂကင်းကင်းဖြင့် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံရေးနည်းလမ်းအရ တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းဖြင့်သာ အောင်မြင်နိုင်မည်ဖြစ်**

နိုင်ငံတော်အနေဖြင့် မိုခါမုန်တိုင်းအပြီးတွင် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်သို့ မျိုးစပါးတင်းရေ ၇၃၀၀၀ ကျော်ကို စိုက်ပျိုးရာသီအမီ ပို့ဆောင်ပေးနိုင်ခဲ့သောကြောင့် ယခုနှစ်တွင် မိုခါမုန်တိုင်းသဘာဝဘေးဒဏ်ခံခဲ့ရသော်လည်း မိုးစပါးစိုက်ဧကလျာထားချက်ထက် ဧက ၃၀၀၀ ကျော် ပိုမိုတိုးတက်စိုက်ပျိုးနိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။ မွေးမြူရေးထုတ်ကုန်များကိုလည်း ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်ပြီး ငါး၊ ပုစွန်နှင့် ရေထွက်ကုန်ပစ္စည်းများကို အောင်မြင်အောင်ထုတ်လုပ်ဆောင်ရွက်နိုင်ပါက ပြည်တွင်းစားသုံးမှုဖူလုံသည့်အပြင် ပြည်ပနိုင်ငံများသို့လည်း တင်ပို့နိုင်မည်ဖြစ်ပါသည်။ ထို့ပြင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သဘာဝထွက်ကုန်များဖြစ်သော သစ်၊ ဝါး၊ ကြိမ်နှင့် အခြားပစ္စည်းများကို အခြေခံသည့် MSME လုပ်ငန်းများကို မြှင့်တင်အားပေးပြီး ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ မြှင့်တင်နိုင်ရေးနှင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါသည်။

ပညာရေးနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရက KG+9 အထိ မသင်မနေရပညာရေးစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ်အတွင်း အခြေခံပညာတတ်မြောက်မှုနှင့် တန်းစဉ်ကူးပြောင်းမှုများ မြင့်မားတိုးတက်လာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြမည်ဆိုပါက ရခိုင်ပြည်နယ်သည် ဘက်စုံကဏ္ဍမှ ဖွံ့ဖြိုးတိုးတက်သည့် ပြည်နယ်တစ်ခု ဖြစ်လာမည်ဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမအပေါင်းတို့ခင်ဗျာ**

ရခိုင်ပြည်နယ်သည် ယခင်ကတည်းက လမ်းပန်းဆက်သွယ်ရေးမှ အစ အဘက်ဘက်၌ အခက်အခဲများစွာရှိခဲ့သဖြင့် တပ်မတော်အစိုးရလက်ထက်မှ ယခုအချိန်အထိ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ခဲ့ခြင်းကြောင့် ယခင်ကထက် အဆပေါင်းများစွာ ပြောင်းလဲတိုးတက်လျက်ရှိနေသည်မှာ အားလုံးအသိပင်ဖြစ်ပါသည်။ သို့သော်လည်း လက်ရှိကာလတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နှင့် ပြည်ပစွက်ဖက်မှုများကြောင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး အဓိပ္ပာယ်မဲ့ ပစ်ခတ်တိုက်ခိုက်နှောင့်ယှက်ဖျက်ဆီးမှုများ၊ ပဋိပက္ခများ၏ဆိုးကျိုးကို ဒေသခံတိုင်းရင်းသားများကိုယ်တိုင် ခံစားနေကြရပါသည်။

တည်ငြိမ်အေးချမ်းမှု မရှိသမျှကာလပတ်လုံး တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုမှာ အလှမ်းဝေးနေမည်သာဖြစ်ပြီး တစ်ဦးချင်းအခွင့်အရေး၊ အခွင့်အလမ်းများလည်း ဆုံးရှုံးမှုများ ကြုံတွေ့နေမည်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို အမျိုးသားရေးခံယူချက်အဖြစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်ကို တည်ဆောက်ရာတွင် ဒို့တာဝန်အရေးသုံးပါးကို ထာဝစဉ်ကာကွယ်စောင့်ရှောက်သွားမည် ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လက်ရှိပစ္စုပ္ပန်နှင့် နောင်အနာဂတ်အတွက် နိုင်ငံရေးရည်မှန်းချက်များနှင့် အမျိုးသားရေးရည်မှန်းချက်များကို ချမှတ်ထားပြီးဖြစ်ရာ ပြည်သူများလိုလားတောင့်တသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးဆီ လျှောက်လှမ်းရာခရီးတွင် ပြည်ထောင်စုကြီးအတွင်းရှိ တိုင်းရင်းသားပြည်သူများအားလုံး အေးအတူ၊ ပူအမျှအတူတကွ ယှဉ်တွဲနေထိုင်ကြရင်း အပြန်အလှန်လေးစားမှု၊ နားလည်မှု၊ ယုံကြည်မှုများဖြင့်သာ တည်ဆောက်သွားကြရမည်ဖြစ်ပါသည်။

ပြည်ထောင်စုကြီးငြိမ်းချမ်းရေးအတွက် NCA လမ်းကြောင်းအတိုင်း လျှောက်လှမ်းခြင်းသာလျှင် မိမိတို့အားလုံး မျှော်လင့်ထားသည့် အေးချမ်းသာယာသော နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးကိုဖော်ဆောင်ရာတွင် ပြည်ပစွက်ဖက်မှုနှင့် ပြည်တွင်းပယောဂကင်းကင်းဖြင့် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံရေးနည်းလမ်းအရ တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းဖြင့်သာ အောင်မြင်နိုင်မည်ဖြစ်ပါသည်။ **“ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်”** ဆိုသည့်အတိုင်း တိုင်းရင်းသားပြည်သူအားလုံး စည်းလုံးညီညွတ်သော စုပေါင်းအားဖြင့် နိုင်ငံ့အကျိုးကို တက်ညီလက်ညီ ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမအပေါင်းတို့ခင်ဗျာ**

ရခိုင်ပြည်နယ်တွင် ရခိုင်တိုင်းရင်းသားမျိုးနွယ်စုများ ဖြစ်ကြသည့် ရခိုင်၊ ကမန်၊ ခမီ၊ ဒိုင်းနက်၊ မရမာကြီး၊ မြို၊ သက် စသည့် တိုင်းရင်းသားများသည် မြန်မာ၊ ချင်း စသည့် တိုင်းရင်းသားများနှင့်အတူ ယှဉ်တွဲနေထိုင်လျက်ရှိပါသည်။ မှီတင်းနေထိုင်ကြသော တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မြဲမှုတို့သည် ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် စွမ်းအားတစ်ရပ်ဖြစ်ပါသည်။

ရခိုင်ပြည်သူပြည်သားများအနေဖြင့် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ကိုအခြေခံ၍ ပြည်နယ်သူ၊ ပြည်နယ်သားများ၏ အကျိုး၊ ပြည်နယ်၏အကျိုး၊ ပြည်ထောင်စု၏အကျိုး ထမ်းဆောင်နိုင်ကြပါစေကြောင်းနှင့် အစဉ်ထာဝရ အေးချမ်းသာယာပျော်ရွှင်ချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း (၄၉)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ကို ဂုဏ်ပြုလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီးသတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ကိုဗစ်ကြောင့် ရပ်နားထားခဲ့ရသော ကုန်တင်ယာဉ်များ မှတ်ပုံတင်ခြင်း ဇန်နဝါရီ ၁ ရက်မှစ၍ ပြန်လုပ်ပေးတော့မည်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

လာမည့်နှစ် အစမှစတင်ကာ ကိုဗစ်ကြောင့် ရပ်နားထားခဲ့ရသော ကုန်တင်ယာဉ်များ မှတ်ပုံတင်ခြင်း ပြန်လုပ်ပေးတော့မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှု ကော်မတီ (YRTC) မှ သိရသည်။

“ကိုဗစ်ကြောင့်ရပ်ထားတာ။ အဲဒါကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်ကစပြီး ပြန်လုပ်ပေးမှာဖြစ်ပါတယ်” ဟု ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC) မှ တွဲဖက်အတွင်းရေးမှူး ဦးလျှန်ကျင့်မန်က ပြောသည်။ အဆိုပါ ကုန်တင်ယာဉ်များမှတ်ပုံတင်ခြင်းမှာ အသစ် ပြန်လည်လုပ်ဆောင်ပေးခြင်း မဟုတ်ကြောင်းလည်း ၎င်းက ဆိုသည်။

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (YRTC) က ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရီးသည်များအား ဝန်ဆောင်မှုပေးလျက်ရှိသော အငှားယာဉ်/ စီးတီး တက္ကစီယာဉ်များအား မှတ်ပုံတင်ခြင်းလုပ်ငန်းနှင့် ကုန်စည်ပို့ဆောင်ရေးယာဉ် မှတ်ပုံတင်ခြင်းလုပ်ငန်း ဝန်ဆောင်မှုများကို ကိုဗစ်-၁၉ ရောဂါကြောင့် ယာယီရပ်ဆိုင်းထားခဲ့ခြင်းဖြစ်သည်။

“ရပ်ထားတာကကြာပြီ။ ကျွန်တော်တို့လည်း သတင်းတော့ ကြားနေတာပေ့ါ။ သွားပြီးတော့ မှတ်ပုံတင်ရမှာပါ။ ဒါကလည်း လုပ်သင့်တာ တစ်ခုဖြစ်ပါတယ်” ဟု ကုန်စည်ပို့ဆောင်ရေး ယာဉ်ပိုင်ရှင်တစ်ဦးက ဆိုသည်။

**သစ်တော်**

## ❖ ပြည်တွင်းသုံးအပြင် ထုတ်လုပ်ကုန်ချောပစ္စည်းများကို ပို့ကုန်အဖြစ် တိုးမြှင့်ထုတ်လုပ်နိုင်ရေးနှင့် ပြည်ပက တရားမဝင်ကုန်ချောပစ္စည်းများ တင်သွင်းလာမှုကိုလည်း စနစ်တကျ တားဆီးစစ်ဆေးအရေးယူရမည်ဖြစ်ပြီး ပြည်တွင်းစက်မှုကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ပြည်ပမှ ကုန်ချောတင်သွင်းမှုများကို သက်ဆိုင်ရာဌာနများက အခွန်နှုန်းထားများ မြှင့်တင်တားမြစ်ခြင်းနှင့် နိုင်ငံတကာလုပ်ထုံးလုပ်နည်းများဖြင့် လိုက်လျောညီထွေရှိသည့် တားဆီးမှုများကို စနစ်တကျဆောင်ရွက်

❖ *ရှေ့ဖုံးမှ*

တိုင်းဒေသကြီးနှင့် ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့သည်မှာ ယခုဆိုလျှင် (၁၂) ကြိမ်ရှိပြီဖြစ်ကြောင်း၊ ယခင် အစည်းအဝေး (၁၁)ကြိမ်က ဆုံးဖြတ်ချက် ၃၉၁ ချက် ချမှတ်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဦးဆောင်ကော်မတီပြင်ဆင်ဖွဲ့စည်းခဲ့ပြီးနောက် ဖမ်းဆီးရမိမှုများအနေဖြင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ဖမ်းဆီးရမိ အမှုတွဲ ၄၂၃၂ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅ ဒသမ ၀၅၆ ဘီလီယံနှင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအထိ ဖမ်းဆီးရမိ အမှုတွဲ ၅၇၅၃ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၇ ဒသမ ၄၄၇ ဘီလီယံတို့ဖြစ်ပြီး တာဝန်ယူခဲ့သည့် (၂၃) လ ကာလအတွင်း ဖမ်းဆီးရမိ အမှုတွဲပေါင်း ၉၉၈၅ မှုနှင့် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၂ ဒသမ ၅၀၃ ဘီလီယံဖြစ်ကြောင်း။

တရားမဝင်ကုန်သွယ်မှုကို **ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က** အဓိပ္ပာယ်ဖွင့်ဆိုရာမှာ **"နိုင်ငံတကာဥပဒေတွေအရ သတ်မှတ်ထားသည့် တရားမဝင်ကုန်စည်များကို ထုတ်လုပ်ခြင်း၊ ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ ပို့ဆောင်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ လွှဲပြောင်းခြင်း၊ လက်ခံရရှိခြင်း၊ လက်ဝယ်ထားရှိခြင်း သို့မဟုတ် ဖြန့်ဖြူးခြင်းနှင့် အဆိုပါ ဆောင်ရွက်ချက်များကို အားပေးရန် ရည်ရွယ်သည့် မည်သည့်လုပ်ဆောင်မှုကိုမဆို တရားမဝင်ကုန်သွယ်မှု"** ဟု အဓိပ္ပာယ် ဖွင့်ဆိုထားသည်ကို တွေ့ရကြောင်း။

### ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိ

မည်သည့်နိုင်ငံတွင်မဆို နိုင်ငံ၏ ဈေးကွက်စီးပွားရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရာတွင် အစိုးရ၊ စီးပွားရေးလုပ်ငန်းရှင်နှင့် စားသုံးသူပြည်သူတို့က အဓိကနေရာကပါဝင်ပြီး နိုင်ငံတော်အနေဖြင့် နိုင်ငံ့ဝင်ငွေတိုးတက်ရရှိစေရေး၊ အကောက်ခွန်နှင့် အခွန်အခများ ဆုံးရှုံးမှုမရှိစေရေးနှင့် ပြည်သူများအတွက် ဘေးကင်းစိတ်ချရသည့် ကုန်စည်များ အာမခံချက်ပေးနိုင်ရေးတို့အတွက် တရားမဝင်ကုန်သွယ်မှုများ လုံးဝပပျောက်ရေးကို ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြပြီး ကမ္ဘာ့နိုင်ငံများရှိ အစိုးရများအနေဖြင့်လည်း မက်ခရိုစီးပွားရေး တည်ငြိမ်မှုကို ခြိမ်းခြောက်လာသည့် တရားမဝင်ကုန်သွယ်မှုများကို ပပျောက်စေရန် အထူးအာရုံစိုက်ဆောင်ရွက်လာသည်ကို တွေ့ရှိရကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် ပြည်တွင်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ရာတွင် နိုင်ငံအတွင်း MSMEs နှင့် စက်မှုဇုန်များက သွင်းကုန်အစားထိုး ထုတ်ကုန်များ ပိုမိုထုတ်လုပ်ရန်၊ နိုင်ငံ့ဝင်ငွေနှင့်သုံးစွဲငွေမျှတရန်အတွက် ပို့ကုန်တင်ပို့မှု ပိုမိုအားကောင်းစေရန်နှင့် ကုန်ကြမ်းပစ္စည်းများ တင်ပို့ခြင်းထက် စက်မှုထွက်ကုန်တစ်နည်းအားဖြင့် Supply Chain မှ Value Added ကုန်ချောပစ္စည်းများ တင်ပို့ခြင်းဖြင့် နိုင်ငံ့ဝင်ငွေ ပိုမိုတိုးတက်ရရှိရေး ဆောင်ရွက်ရန်လိုအပ်ကြောင်း။

ပြည်ပနိုင်ငံများတွင် စက်မှုထုတ်ကုန်ချောများ ဈေးကွက်လိုအပ်ချက်နှင့်အညီ အမြောက်အမြားထုတ်လုပ်ကြသည့်အတွက် ပစ္စည်းတစ်ခုချင်း၏ ကုန်ကျမှုတန်ဖိုးအနေဖြင့် ပိုမိုသက်သာမှုရှိသည်ကို တွေ့ရှိရကြောင်း၊ မိမိနိုင်ငံအတွင်း ထုတ်လုပ်သည့် စက်မှုထွက်ကုန်ချောများအနေဖြင့် ထုတ်လုပ်နိုင်မှုအားနည်းချက်၊ ကန့်သတ်ချက်များရှိခဲ့ပါက ပစ္စည်းတစ်ခုချင်း၏ ကုန်ကျစရိတ်တန်ဖိုးအနေဖြင့် ဈေးနှုန်းကြီးမြင့်ပြီး ပြည်ပက တရားမဝင်တင်သွင်းလာမှုများကို ယှဉ်ပြိုင်နိုင်မှုမရှိဘဲ စက်မှုဇုန်ကုန်ထုတ်လုပ်ငန်းများအတွက် ထိခိုက်နစ်နာမှုများ ရှိလာနိုင်ကြောင်း။

ထို့ကြောင့် ပြည်တွင်းသုံးအပြင် ထုတ်လုပ်ကုန်ချောပစ္စည်းများကို ပို့ကုန်အဖြစ် တိုးမြှင့်ထုတ်လုပ်နိုင်ရေးနှင့် ပြည်ပက တရားမဝင်ကုန်ချောပစ္စည်းများ တင်သွင်းလာမှုကိုလည်း စနစ်တကျ တားဆီးစစ်ဆေးအရေးယူရမည်ဖြစ်ပြီး ပြည်တွင်းစက်မှုကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ပြည်ပမှ ကုန်ချောတင်သွင်းမှုများကို သက်ဆိုင်ရာဌာနများက အခွန်နှုန်းထားများ မြှင့်တင်တားမြစ်ခြင်းနှင့် နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများဖြင့် လိုက်လျောညီထွေရှိသည့် တားဆီးမှုများကို စနစ်တကျဆောင်ရွက်ရန်လိုကြောင်း။

### ကုန်ထုတ်လုပ်မှုနှင့်ကုန်သွယ်မှုကိုထိခိုက်

တရားမဝင် ကုန်သွယ်မှုများကြောင့် နိုင်ငံအတွက်ရရှိမည့် အခွန်အခများဆုံးရှုံးခြင်း၊ ကုန်သွယ်မှုဆိုင်ရာ စာရင်းဇယား ကိန်းဂဏန်းအချက်အလက်များ မှားယွင်းနိုင်ပြီး ဆုံးဖြတ်ချက်များ မှားယွင်းနိုင်ခြင်း၊ နိုင်ငံတော်ဘဏ်စနစ်နှင့် ငွေကြေးစီးဆင်းမှုစနစ် ထိခိုက်စေနိုင်ပြီး နိုင်ငံခြားငွေကြေးဈေးနှုန်း မတည်ငြိမ်မှု ဖြစ်ပေါ်နိုင်ခြင်း၊ တရားမဝင် တင်သွင်းလာသည့် ကုန်စည်များကြောင့် ပြည်တွင်းကုန်စည်ထုတ်လုပ်မှုများ ဈေးကွက်ယှဉ်ပြိုင်နိုင်မှု ကျဆင်းလာနိုင်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ လျော့နည်းကျဆင်းစေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးနိုင်ခြင်း၊ တရားမဝင် တင်သွင်းလာသည့် ဆေးနှင့်ဆေးပစ္စည်းများ၊ စားသောက်ကုန်နှင့် အလှကုန်ပစ္စည်းများတွင် အတုအပများ၊ သက်တမ်းလွန်ကုန်စည်များကြောင့် သုံးစွဲသူပြည်သူများ ထိခိုက်နစ်နာမှု ဖြစ်ပေါ်နိုင်ခြင်း စသည့် ဆိုးကျိုးများအပြင် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသည့် ကုန်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုကို ထိခိုက် ကျဆင်းစေနိုင်ပါကြောင်း၊ ထို့ကြောင့် တရားမဝင်ကုန်သွယ်မှုများကို တိုက်ဖျက်ရေးဆောင်ရွက်ရာတွင် မိမိတို့အားလုံးက **"အမျိုးသားရေးတာဝန်"** တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ယခင်ကျင်းပခဲ့သည့် (၅/၂၀၂၃) ကြိမ်မြောက် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးလုပ်ငန်းအစည်းအဝေးနောက်ပိုင်း ယနေ့အချိန်အထိ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့က ခဲသတ္တုများကို တရားမဝင်တူးဖော်ပြီး ပြည်ပတင်ပို့နေကြောင်း ဖော်ထုတ်ရရှိသည့် သတင်းအရ ၂၀၂၃ ခုနှစ် စက်တင်ဘာလအတွင်း ခဲသတ္တုတန်ချိန် ၁၂၃ ဒသမ ၉၀၄ တန်၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၇၁၇ ဘီလီယံကို ဖမ်းဆီးနိုင်ခဲ့ပြီး အကောက်ခွန်ဦးစီးဌာနကလည်း ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၄ ရက်တွင် စင်ကာပူနိုင်ငံမှလာသည့် လေယာဉ်တွင် လိုက်ပါလာသည့် ခရီးသည်သုံးဦးကို သတင်းအရ စောင့်ကြည့်စိစစ်ရှာဖွေခဲ့ရာ ရွှေ ၁၆ ကီလိုဂရမ်၊ အမေရိကန်ဒေါ်လာ ၁၂၀,၀၀၀ ၊ iPhone ၂၅၉ လုံး၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၉၄၆ ဘီလီယံကျော် ဖမ်းဆီးရမိသည့် ထူးထူးခြားခြားဖြစ်စဉ်များကို တွေ့ရကြောင်း၊ ယင်းဖြစ်စဉ်ကိုကြည့်ပါက သတင်းရရှိမှုသည် အဓိကအရေးကြီးကြောင်း၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရာတွင် သတင်းအချက်အလက်ရရှိရေးသည် အရေးပါသည့်အတွက် သတင်းပေးသူများကို ဆုကြေးငွေ မြန်မြန်ဆန်ဆန် ချီးမြှင့်ပေးပြီး သတင်းကွန်ရက်တည်ဆောက်ထားကြရန်နှင့် ရရှိသည့်သတင်းများကို အကျိုးရှိစွာအသုံးချတားဆီးစစ်ဆေးအရေးယူကြရန်လိုကြောင်း။

ထို့ပြင် အိန္ဒိယနိုင်ငံ အကောက်ခွန်က မြန်မာအကောက်ခွန်ဌာနသို့ သတင်းပေးပို့မှုကြောင့် ရန်ကုန်လေဆိပ်တွင် မူးယစ်ဆေးဝါး ဖမ်းဆီးရမိသည်မှာ နှစ်ကြိမ်ရှိပြီဖြစ်ကြောင်း၊ ထိုသို့ နိုင်ငံအချင်းချင်း၊ ဌာနဆိုင်ရာအချင်းချင်း သတင်းဖလှယ်ပြီး ဖော်ထုတ်ဖမ်းဆီးနိုင်မှုများစွာ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် မူးယစ်ဆေးဝါးနှင့် လက်နက်များ တရားမဝင်ကုန်သွယ်မှုကို နိုင်ငံအချင်းချင်း၊ ဌာနဆိုင်ရာအချင်းချင်း သတင်းဖလှယ် ဆက်လက်ဖော်ထုတ်ဖမ်းဆီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

ကုန်သွယ်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြရမည့် ကုမ္ပဏီတည်ထောင်ခြင်းအတွက် MyCo (မိုင်ကို) စနစ်၊ ပို့ကုန်သွင်းကုန်မှတ်ပုံတင်ခြင်းနှင့် လိုင်စင်လျှောက်ထားခြင်းအတွက် Myanmar Trade Net 2.0 စနစ်၊ ပို့ကုန်သွင်းကုန်ကြေညာလွှာ လျှောက်ထားခြင်းအတွက် MACCS စနစ်၊ ပြည်ပသို့ ငွေလွှဲပြောင်းခြင်းနှင့် ပြည်ပမှ ငွေလက်ခံခြင်းအတွက် Online Matching စနစ်များ ထူထောင်ထားရှိပြီး ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်မှုလုပ်ငန်းစဉ်တစ်ခုလုံးကို Online စနစ်ဖြင့် ဆောင်ရွက်နိုင်အောင် အစိုးရဌာနများက ချိတ်ဆက်ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ထားခြင်းသည် တရားမဝင်ကုန်သွယ်မှု လျော့နည်းပပျောက်စေရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများ လွယ်ကူချောမွေ့စေရေးအတွက် ဌာနဆိုင်ရာအချင်းချင်း Online စနစ်နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ National Single Windows စနစ် စတင်အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းလည်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး ဆောင်ရွက်ပေးထားသည့်အပေါ် အစိုးရဌာနဆိုင်ရာများနှင့် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) တို့က ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ကုန်သွယ်မှုကို စနစ်တကျ ဆောင်ရွက်ကြရေး ကုန်သည်လုပ်ငန်းရှင်များကို ကျယ်ကျယ်ပြန့်ပြန့် စည်းရုံးပေးကြရန် မှာကြားလိုကြောင်း။

ဥပဒေလုပ်ထုံးလုပ်နည်းများ၏ လစ်ဟာချက်များအပေါ် ပုဂ္ဂလိကအကျိုးစီးပွားအတွက် အခွင့်အရေးယူဆောင်ရွက်ခြင်းမျိုးမလုပ်ဘဲ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်သင့်သည့်အချက်များကို အကြံပြုပေးကြရန်လိုကြောင်း၊ အစိုးရဌာနဆိုင်ရာများအနေဖြင့်လည်း ကုန်သည်လုပ်ငန်းရှင်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများက အကြံပြုချက်များအပေါ် စိစစ်သုံးသပ်ပြီး ပြင်ဆင်ဖြည့်စွက်သင့်သည်များကို ပြင်ဆင်ဖြည့်စွက်ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

ကုန်သည်လုပ်ငန်းရှင်များ၌လည်း ရိုးရိုးသားသား၊ မှန်မှန်ကန်ကန် ကုန်သွယ်နေသည့် ပစ္စည်းမှန်၊ ဈေးနှုန်းမှန်၊ အချိန်အတွယ်မှန်နှင့် ကူးသန်းရောင်းဝယ်နေသည့် သူများရှိသကဲ့သို့ မတော်လောဘနှင့် ဝိသမစီးပွားရေးသမားများလည်း အထင်အရှားရှိနေသည်ကို စားသုံးဆီနှင့်စက်သုံးဆီ တင်သွင်းသည့်ကုမ္ပဏီများကို စစ်ဆေးသည့်အခါတွင် အရေးယူဆောင်ရွက်ရသည့် ကိစ္စများပေါ်ပေါက်လာသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် နိုင်ငံတော်နှင့် ပြည်သူများအပေါ် မတော်လောဘနှင့် အမြတ်တင်ရောင်းချခဲ့သည့် ကုမ္ပဏီတချို့ကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း။

တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ဥက္ကဋ္ဌများ၊ OSS ဌာနဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ကျဝန်ထမ်းများကို တရားမဝင်ကုန်သွယ်မှုများတွင် ပါဝင်ပတ်သက်မှုမရှိစေရေး၊ ငွေကြေးတောင်းခံမှုများ မရှိစေရေး၊ လာဘ်ပေးလာဘ်ယူမှုများမရှိစေရေး တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်ရန် အကြိမ်ကြိမ်မှာကြားခဲ့ပြီးဖြစ်ကြောင်း။

သို့သော်လည်း တာဝန်ကျဝန်ထမ်းများအနေဖြင့် တရားမဝင်ကုန်သွယ်မှုများတွင် ငွေကြေးရယူပြီး ဖြတ်သန်းခွင့်ပြုခြင်း၊ တရားမဝင်ကုန်စည်များ ပါ၊ မပါကို မျက်ကွယ်ပြုပြီး လာဘ်ငွေရယူ စေလွှတ်ခွင့်ပြုခြင်း၊ တရားမဝင်ကုန်စည်များ တင်ဆောင်လာသည်ကို သိရှိလျက်နှင့် ဖမ်းဆီးအရေးယူခြင်းမပြုဘဲ ငွေကြေးရယူပြီး လွှတ်ပေးခြင်း၊ တားဆီးစစ်ဆေးရာတွင် တရားမဝင်ကုန်စည်များ တွေ့ရှိသော်လည်း တန်ဖိုးနည်းကုန်စည်အချို့ကိုသာ ဟန်ပြဖမ်းဆီးအရေးယူခြင်းစသည့် နည်းမျိုးစုံနှင့် ပတ်သက်နေသည်ဟု သတင်းများကို ကြားသိနေရကြောင်း၊ ယင်းကို တာဝန်ရှိသူအဆင့်ဆင့်က ကြပ်ကြပ်မတ်မတ်စစ်ဆေးပြီး ထိထိရောက်ရောက် အရေးယူကြရန် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ဥက္ကဋ္ဌများ၊ OSS ဌာနဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ကျဝန်ထမ်းများနှင့် အုပ်ချုပ်သူများကို အထူးမှာကြားလိုကြောင်း။

ထို့ပြင် တာဝန်ကျဝန်ထမ်းများအနေဖြင့် ကုန်ပစ္စည်းအပါအဝင် ကုန်တင်ယာဉ်များ စစ်ဆေးရာတွင် ဆက်ဆံရေးပြေပြစ်ရန်နှင့် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရန်လိုအပ်ပြီး ဆက်ဆံရေးမပြေလည်ခြင်းသည် ကုန်သွယ်မှုကို အဟန့်အတားဖြစ်စေရုံသာမက ခရီးသွားအများပြည်သူကိုလည်း စိတ်အနှောင့်အယှက်ဖြစ်စေကြောင်း၊ ယင်းကို ကြပ်မတ်ထိန်းကျောင်းနိုင်မှုမရှိပါက အများပြည်သူအနေဖြင့် အစိုးရအပေါ်တွင် အမြင်လွဲမှားနိုင်ကြောင်း။

### လုပ်ထုံးလုပ်နည်းနှင့်အညီ အမြန်ဆုံးအပ်နှံ

ဖမ်းဆီးရမိကုန်စည်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ ထုခွဲရောင်းချပြီး ရသင့်ရထိုက်သည့် ဘဏ္ဍာငွေများ နိုင်ငံတော်ကရရှိရန်လိုကြောင်း၊ ဖမ်းဆီးရမိမှုများရှိသော်လည်း လေလံမပစ်ခင်တွင် ပစ္စည်းများ ပျက်စီးသွားပါက ဖမ်းဆီးပေးသူများ၏ ကြိုးပမ်းအားထုတ်မှုများ အချည်းနှီးဖြစ်ရပြီး နိုင်ငံဘဏ္ဍာငွေလည်း ရရှိမည်မဟုတ်ကြောင်း၊ ထို့ကြောင့် ပုပ်သိုးပျက်စီးလွယ်သည့် ကုန်စည်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ မြန်မြန်ဆန်ဆန် လေလံတင်ရောင်းချရန်လိုကြောင်း၊ ဖမ်းဆီးရမိသည့် လိုင်စင်ရှိ၊ လိုင်စင်မဲ့ မော်တော်ယာဉ်၊ ဆိုင်ကယ်နှင့် စက်ပစ္စည်းများကိုလည်း လုပ်ထုံးလုပ်နည်းနှင့်အညီ အမြန်ဆုံးအပ်နှံဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ထို့ပြင် လုံခြုံရေးအပိုင်းနှင့်ပတ်သက်ပြီး တာဝန်ကျနေရာဒေသအလိုက် နိုင်ငံ့တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့်လည်း တိုင်းပြည်တည်ငြိမ်အေးချမ်းမှုကို မလိုလားသည့် ပြည်ဖျက်အကြမ်းဖက်သမားများ၏အန္တရာယ်ကို မျက်ခြည်မပြတ်သတိပြုပြီး တာဝန်ထမ်းဆောင်ရာတွင် လုံခြုံရေးအသိ၊ လုံခြုံရေးသတိနှင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးတွင် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအကြား

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

ပိုမိုအားကောင်းသည့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ကြရန်၊ ပြည်တွင်းသယံဇာတများ တရားမဝင်ထုတ်လုပ်နေမှုကို ထိထိရောက်ရောက် တားဆီးအရေးယူရန်၊ သတင်းအချက်အလက်ရရှိရေး ပြည်တွင်း၌ သတင်းကွန်ရက်ချိတ်ဆက်တည်ဆောက်ရန်လိုပြီး ပြည်ပနိုင်ငံများနှင့် ဌာနဆိုင်ရာအချင်းချင်း ချိတ်ဆက်ပြီး အပြန်အလှန် သတင်းဖလှယ်ကြရန်၊ ကုန်တင်လွှာစနစ်နှင့် E-Lock စနစ် အကောင်အထည်ဖော်ရာတွင် တစ်နိုင်ငံလုံး လွှမ်းခြုံနိုင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ Online စနစ်များ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်၊ ဖမ်းဆီးရမိပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမရှိစေရန်၊ တာဝန်ကျဝန်ထမ်းများအနေဖြင့် လာဘ်ပေးလာဘ်ယူမှု ကင်းရှင်းရန်၊ ဝန်ထမ်းများ တာဝန်ထမ်းဆောင်ရာတွင် လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် တာဝန်ထမ်းဆောင်ကြရန်နှင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးကို **"အမျိုးသားရေးတာဝန်"** တစ်ရပ်အဖြစ် သတ်မှတ်ပြီး တာဝန်ကျဝန်ထမ်းများ သာမက နိုင်ငံသားအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်သင့်ကြောင်း ပြောကြားသည်။

**အမှာစာများကိုဖတ်ကြားတင်ပြ**

ထို့နောက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီအတွင်းရေးမှူး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက ဦးဆောင်ကော်မတီအစည်းအဝေး (၅/၂၀၂၃) အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် ဦးဆောင်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးဆောင်ကော်မတီရုံးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူးချုပ် ဦးအောင်သွင်ဦး၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသင့်မြတ်သူ၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟန်ဝင်းအောင်၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ ခင်ဇော်တို့က တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၆/၂၀၂၃)သို့ တင်ပြလာသည့် အမှာစာများကိုဖတ်ကြားတင်ပြကြသည်။

**ရှင်းလင်းဆွေးနွေး**

ဆက်လက်၍ ဦးဆောင်ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဦးဝင်းရှိန်နှင့် ဦးဆောင်ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံတို့က တရားမဝင်ကုန်သွယ်မှုဆိုင်ရာ သုံးသပ်တွေ့ရှိချက်များ၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မူးယစ်ဆေးဝါး၊ ထိန်းချုပ်ဓာတုပစ္စည်းများ၊ တရားမဝင်ယာဉ်များ၊ စားသောက်ကုန်၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်း ဖမ်းဆီးရမိမှုများနှင့် ကာကွယ်တားဆီးရေးဆိုင်ရာ ကိစ္စရပ်များ၊ ပို့ကုန်၊ သွင်းကုန် နှိုင်းယှဉ်ချက်များနှင့် ကုန်သွယ်ရေးစခန်းများ၌ ကုန်စည်စီးဆင်းနေမှု အခြေအနေများ၊ E-Lock စနစ်ဆိုင်ရာကိစ္စရပ်များ၊ စက်သုံးဆီတင်သွင်းနေမှု အခြေအနေများ၊ တရားမဝင် Online မှ ကုန်ပစ္စည်းများရောင်းချနေမှုနှင့် တရားဝင်မှတ်ပုံတင် လျှောက်ထားလျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးသို့တက်ရောက်လာကြသူများက တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဦးဆောင်ကော်မတီရုံးလုပ်ငန်းအဖွဲ့ခေါင်းဆောင်က တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီအစည်းအဝေး (၆/၂၀၂၃) ဆုံးဖြတ်ချက် (မူကြမ်း)များကို ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါသယံဇာတများထိန်းသိမ်းရေးလုပ်ငန်းများတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁၄**

နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ၏ (စတုတ္ထအကြိမ်) အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပရာ နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**



အစည်းအဝေးသို့ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**အကောင်အထည်ဖော်**

ဦးစွာ ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက နိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်း သယံဇာတများ စီမံအုပ်ချုပ်လုပ်ကိုင်ရာတွင် ဗဟိုကော်မတီကို အပ်နှင်းထားသည့် တာဝန်ဝတ္တရားများနှင့်အညီ ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းကဏ္ဍများအကြား ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နိုင်ခဲ့သည့် ရလဒ်များအဖြစ် နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်မှုအစီအစဉ် (Integrated Coastal Management-ICM) အပြီးသတ်ရေးသားနိုင်ခဲ့မှု၊ မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့မှု၊ ပင်လယ်ပြင်ညစ်ညမ်းမှု ထိန်းချုပ်ရေးဥပဒေ (Marine Pollution Control Law) အား အပြီးသတ်ရေးသားနိုင်ခဲ့မှု၊ အဏ္ဏဝါဂေဟစနစ် တန်ဖိုးမြင့်မားပြီး ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝသည့်နေရာများကို ငါးမဖမ်းရနယ်မြေများသတ်မှတ်နိုင်ခဲ့မှု၊ ပင်လယ်ကမ်းရိုးတန်းဒေသ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဒီရေတောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများ တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့မှုတို့ကို ဌာနများအားလုံး၏ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်မှုများဖြင့် အကောင်အထည်ဖော်ဆောင်နိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံ၏ ကမ်းရိုးတန်းသည် ၂၈၀၀ ကီလိုမီတာကျော် ရှည်လျားပြီး ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းများနှင့် ရေထွက်သယံဇာတ မွေးမြူခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း၊ ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့များ ရေရှည်ထုတ်ယူနိုင်မည့် အလားအလာကောင်းများရှိခြင်း၊ ပြန်ပြည့်မြဲစွမ်းအင်များ ထုတ်လုပ်နိုင်သည့် အခွင့်အလမ်းများရှိခြင်း၊ ကမ္ဘာ့ကုန်သွယ်ရေလမ်းကြောင်းအတွက် အချက်အချာကျပြီး နိုင်ငံတကာအဆင့်မီ ဆိပ်ကမ်းများ ဖွံ့ဖြိုးနိုင်ခြေရှိခြင်း၊ သဘာဝအတိုင်းတည်ရှိနေသည့် ကမ်းခြေနှင့် ကျွန်းများရှိပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးနိုင်ခြင်း၊ ကမ်းရိုးတန်းနေ တိုင်းရင်းသားများနှင့် ဒေသခံပြည်သူများ၏စုံလင်သည့် ရိုးရာယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းစသည့် အခွင့်အလမ်းများစွာကို ဖော်ထုတ်အသုံးပြုခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည်လည်း ဖြစ်ပါကြောင်း။

ထိုသို့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းများစွာရှိသကဲ့သို့ တစ်ဖက်တွင်လည်း စိန်ခေါ်မှုများအနေဖြင့် မြန်မာနိုင်ငံ၏ အဏ္ဏဝါဇီဝမျိုးစုံမျိုးကွဲများ၊ သန္တာကျောက်တန်းများ၊ ဒီရေတောများ၊ ပင်လယ်မြက်ခင်းများ၊ ငါးပုစွန်ရေထွက်သယံဇာတများ ယိုယွင်းလျော့နည်းမှုများ ကြုံတွေ့နေရခြင်း၊ အစားအစာလုံခြုံစိတ်ချမှုများ လျော့ပါးလာခြင်းနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ လျော့နည်းလာခြင်းတို့ကို ထိထိရောက်ရောက် ဖြေရှင်းဆောင်ရွက်သွားရန်လည်း လိုအပ်မည်ဖြစ်ပါကြောင်း။

ထို့ပြင် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်း၊ ၂၀၁၀ ပြည့်နှစ် ဂီရိမုန်တိုင်းနှင့် ယခုမေ ၁၄ ရက်တွင် စစ်တွေမြို့အနီးမှ ဖြတ်ကျော်တိုက်ခတ်ခဲ့သည့် မိုခါမုန်တိုင်းတို့ကြောင့် ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်စသည့် ကမ်းရိုးတန်းဒေသများတွင် ဆုံးရှုံးမှုများနှင့် တွေ့ကြုံခဲ့ရပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို နိုင်ငံတော်က အထူးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ထို့ကြောင့် ပင်လယ်ကမ်းရိုးတန်း ဒေသများဖြစ်သည့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအစီအမံများကိုစနစ်တကျ ရေးဆွဲပြီး ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်နှင့် ရေရှည်အတွက်အကျိုးရှိသည့် ကြိုတင်ကာကွယ်ရေးအစီအမံများ ဖော်ထုတ်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

မြန်မာနိုင်ငံတွင် ပင်လယ်ကမ်းရိုးတန်းသယံဇာတများ စီမံအုပ်ချုပ်ခြင်းအတွက် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို သက်ဆိုင်ရာကဏ္ဍအလိုက် ပြဋ္ဌာန်းဆောင်ရွက်ပြီးဖြစ်သကဲ့သို့ ခေတ်ကာလအလိုက် လိုအပ်သည့် ဥပဒေ၊ မူဝါဒအသစ်များကို ရေးဆွဲဖော်ထုတ်လျက်ရှိပါကြောင်း၊ ပင်လယ်ပြင်နှင့် ကမ်းရိုးတန်းဒေသ ဥပဒေစိုးမိုးရေးနှင့် အသိပညာပေးလုပ်ငန်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) နှင့်အတူ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ကမ်းခြေစောင့်တပ်ဖွဲ့တို့က မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း။

ကမ္ဘာ့ကုလသမဂ္ဂက ၂၀၃၀ ပြည့်နှစ် ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်လျက်ရှိရာ အာဆီယံနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံများက **"အပြာရောင်စီးပွားရေး (Blue Economy)"** သဘောတရားများ ဖော်ထုတ်အကောင်အထည်ဖော် ဆောင်ရွက်လာကြသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ၂၀၂၁ ခုနှစ်တွင် **အပြာရောင်စီးပွားရေးဆိုင်ရာ ကြေညာချက် "ASEAN Leader's Declaration on Blue Economy"** ကို ထုတ်ပြန်ခဲ့ပြီး **အာဆီယံအပြာရောင် စီးပွားရေးဆိုင်ရာမူဘောင် "ASEAN Blue Economy Framework"** ကို ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ အာဆီယံအပြာရောင် စီးပွားရေးမူဘောင်တွင် ပင်လယ်ကမ်းရိုးတန်းဆိုင်ရာ သိပ္ပံနှင့် နည်းပညာကဏ္ဍ၊ သယံဇာတများ ထိန်းသိမ်းရေးနှင့် စီမံအုပ်ချုပ်ရေးကဏ္ဍ၊ ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါဆိုင်ရာ ကဏ္ဍများကို ဦးတည်ချက်ထားပြီး ရေးဆွဲထားရှိခဲ့ပါကြောင်း။

အပြာရောင်စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒများနှင့် အစီအမံများ ဖော်ထုတ်ဆောင်ရွက်ရာတွင် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများကိုသာ ဦးတည်ခြင်းမျိုးမဟုတ်ဘဲ ကမ်းရိုးတန်းနှင့် အဏ္ဏဝါဂေဟစနစ်များ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးအတွက် ထိန်းသိမ်းခြင်းနှင့် စနစ်တကျ ထုတ်ယူအသုံးပြုခြင်းကို ဟန်ချက်ညီညီ ဆောင်ရွက်နိုင်မည့် မူဝါဒ၊ အစီအမံများပေါ်ထွက်လာစေရေး ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကော်မတီဝင်များအနေဖြင့် ပင်လယ်ကမ်းရိုးတန်းနှင့်အဏ္ဏဝါသယံဇာတများ ထိန်းသိမ်းရေးလုပ်ငန်းများတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်၊ ဒေသတွင်းအစီအစဉ်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ကမ်းရိုးတန်းနှင့် အဏ္ဏဝါရေပြင်ရေရှည်တည်တံ့ခိုင်မြဲစေရေးဆိုင်ရာ ဆောင်ရွက်ဆဲ၊ ရှေ့ဆက်ဆောင်ရွက်သင့်သည့် အစီအမံများနှင့် လုပ်ငန်းစဉ်များကိုလည်း တင်ပြဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပင်လယ်ကမ်းရိုးတန်းဒေသ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဗီဒီယိုကို ပြသသည်။

ယင်းနောက် ဗဟိုကော်မတီအတွင်းရေးမှူး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ကော်မတီ၏ လုပ်ငန်းဆောင်ရွက်တိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဦးခင်မောင်ရီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယစစ်ဦးစီးအရာရှိချုပ် (ရေ)၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု အစီအစဉ်များ ဆောင်ရွက်နေမှုနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် အစီအမံများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ ဗဟိုကော်မတီဥက္ကဋ္ဌက ရှင်းလင်းတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

(၂၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ ဂုဏ်ပြုဆောင်းပါး

# တွဲလက်ညီညီရှေ့သို့ချီ တိုင်းရင်းဆေးသမားတော်များညီလာခံဆီ

**မိုးမိုးသန်း၊ သန္တာဝင်း၊ နန်းခင်ထွေး(တိုင်းရင်းဆေးပညာဦးစီးဌာန)**

**“မြန်မာ့တိုင်းရင်းဆေးပညာသည် မြန်မာနိုင်ငံ၏ ရေမြေသဘာဝ၊ မြန်မာ့ဓလေ့စရိုက်နှင့် မြန်မာလူမျိုးတို့ကိုးကွယ်ရာ ထေရဝါဒဗုဒ္ဓဘာသာတို့ကိုအခြေခံသည့် ရိုးရာအယူအဆ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့် ယှက်နွယ်၍ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွင်း အမျိုးသားရေးအမွေအနှစ် ဆေးပညာတစ်ရပ်အဖြစ် ရှင်သန်လာခဲ့၊ ထို့အပြင် မြန်မာ့ရေမြေသဘာဝအလျောက် နိုင်ငံအနှံ့အပြား ပေါကြွယ်စွာပေါက်ရောက်နေသည့် ဆေးဖက်ဝင်အပင်များသည်လည်း တန်ဖိုးမဖြတ်နိုင်သော ဘိုးဘွားအမွေအနှစ်များပင်ဖြစ်”**

မြန်မာ့တိုင်းရင်းဆေးပညာသည် ပုဂံ၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်စသည့် ခေတ်ကာလများကတည်းက သမိုင်းအထောက်အထားခိုင်မာစွာတည်ရှိခဲ့သည့် ဆေးပညာတစ်ရပ်ဖြစ်ပါသည်။ မြန်မာလူမျိုးတို့သည် မိမိတို့၏ မိရိုးဖလာတိုင်းရင်းဆေးကို သုံးစွဲခဲ့ကြသည့်အပြင် ဘဝရှင်သန်ရေးအတွက် လက်လှမ်းမီရာ ဆေးမြီးတိုများကိုလည်း သုံးစွဲကြသည်။

မြန်မာ့တိုင်းရင်းဆေးပညာသည် မြန်မာနိုင်ငံ၏ ရေမြေသဘာဝ၊ မြန်မာ့ဓလေ့စရိုက်နှင့် မြန်မာလူမျိုးတို့ကိုးကွယ်ရာ ထေရဝါဒ ဗုဒ္ဓဘာသာတို့ကိုအခြေခံသည့် ရိုးရာအယူအဆ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့် ယှက်နွယ်၍ မြန်မာ့လူ့ဘောင် အဖွဲ့အစည်းအတွင်း အမျိုးသားရေးအမွေအနှစ် ဆေးပညာတစ်ရပ်အဖြစ် ရှင်သန်လာခဲ့ပါသည်။ ထို့အပြင် မြန်မာ့ရေမြေသဘာဝအလျောက် နိုင်ငံအနှံ့အပြား ပေါကြွယ်စွာ ပေါက်ရောက်နေသည့် ဆေးဖက်ဝင်အပင်များသည်လည်း တန်ဖိုးမဖြတ်နိုင်သော ဘိုးဘွားအမွေအနှစ်များပင် ဖြစ်ပါသည်။ မြန်မာတိုင်းရင်းသားလူမျိုးတို့သည် ဘိုးစဉ်ဘောင်ဆက် မြန်မာ့တိုင်းရင်းဆေးပညာ၊ မြန်မာ့တိုင်းရင်းဆေးဝါးများကို အားကိုးအားထားပြု၍ရပ်တည်လာခဲ့ကြပြီး ယနေ့ခေတ်တိုင်အောင် ယုံကြည်နှစ်ခြိုက်စွာ သုံးစွဲလျက်ရှိပါသည်။

ယနေ့ခေတ်တွင် ကမ္ဘာ့နိုင်ငံအသီးသီး၌လည်း သဘာဝအတိုင်း စိုက်ပျိုးပေါက်ရောက်ပြီး အာနိသင်ထက်မြက်သည့် ဆေးဖက်ဝင်ပရဆေးပင်များ၊ သစ်မြစ်၊ သစ်ဥတို့ကို အသုံးပြု၍ Natural Medicine ခေါ် သဘာဝဆေးများအဖြစ် မိမိတို့၏ရေမြေပေါ်ရှိ အစွမ်းထက်မြက်သော ဆေးဖက်ဝင်အပင်များဖြင့် ဖော်စပ်အသုံးပြုနေကြပြီ ဖြစ်ပါသည်။

## မြန်မာ့တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ရေး

ရှေးယခင်ကတည်းက ယနေ့ထိတိုင်အောင် မြန်မာလူမျိုးတို့သည် မြန်မာ့ရိုးရာဆေးပညာ၏ အဖိုးမဖြတ်နိုင်သော အစွမ်းသတ္တိများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ပြီး မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထွန်းကားပြန့်ပွားရေး၊ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလျက်ရှိကာ မျက်မှောက်ကာလတွင်လည်း တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးတက္ကသိုလ်တို့အနေဖြင့် မြန်မာ့တိုင်းရင်းဆေးဖြင့် ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် (၁)မြန်မာ့တိုင်းရင်းဆေးပညာအဆင့်အတန်းမြင့်မားလာစေရန်၊ (၂) အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များမွေးထုတ်ပေးရန်၊ (၃) အရည်အသွေးမြင့်မားသော မြန်မာ့တိုင်းရင်းဆေးဝါးများ ပေါ်ထွက်လာစေရန် စသော ရည်မှန်းချက်(၃) ရပ်ကို အလေးထား၍ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာအကြံပေးအဖွဲ့၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၊ တိုင်းရင်းဆေးနှင့် နီးနွယ်ပညာရှင်များ၏ တိုင်းရင်းဆေးပညာဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်မှုတို့ကြောင့် ပြည်သူလူထုကြားတွင် တိုင်းရင်းဆေးကို အားကိုးအားထားပြုလျက်ရှိကြသည်မှာ မျက်ဝါးထင်ထင် တွေ့မြင်နိုင်မည် ဖြစ်ပါသည်။

## (၂၂) ကြိမ်မြောက်သို့ ရောက်ရှိခဲ့ပြီ

ဤကဲ့သို့ ပြည်သူလူထု၏ အားပေးမှုနှင့်အတူ နိုင်ငံတော်ကလည်း တိုင်းရင်းဆေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် အဘက်ဘက်မှ အားပေးမြှင့်တင်ပေးလျက်ရှိပြီး ၂၀၀၀ ပြည့်နှစ်မှစတင်၍ မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲများကို ကျင်းပပေးခဲ့ရာ ယခုဆိုလျှင် (၂၂) ကြိမ်မြောက်သို့ ရောက်ရှိခဲ့ပြီဖြစ်ကာ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) (Myanmar International Convention Center– 2 (MICC–2)) တွင် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ၌ နိုင်ငံတော်အဆင့် ကျင်းပမည် ဖြစ်ပါသည်။

ယခုကျင်းပမည့် (၂၂) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို –

(က) တိုင်းရင်းဆေးပညာပိုမိုဖွံ့ဖြိုးတိုးတက်ရန် ပြည်တွင်းပြည်ပရှိ ဆက်စပ်နီးနွယ်ပညာရှင်များ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ခ) ဘေးအန္တရာယ်ကင်းရှင်း၍ အရည်အသွေးမြင့်မားသည့် အစွမ်းထက်တိုင်းရင်းဆေးဝါးများ ပေါ်ထွက်လာစေရန်၊

(ဂ) ပြည်သူလူထု၏ ကျန်းမာရေးကို ပိုမိုထိရောက်စွာ စောင့်ရှောက်မှုပေးနိုင်ရန်အတွက် အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များဖြစ်လာစေရေး လေ့ကျင့်သင်ကြားပေးရန်၊

(ဃ) ပြည်သူလူထု၏ကျန်းမာရေးကို မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပိုမိုထိရောက်စွာ စောင့်ရှောက်မှုပေးရန်စသော ရည်ရွယ်ချက်များဖြင့် ကျင်းပတော့မည် ဖြစ်ပါသည်။

နှစ်စဉ်ကျင်းပမြဲဖြစ်သော မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို တိုင်းရင်းဆေးပညာဦးစီးဌာန၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာအကြံပေးအဖွဲ့၊ တိုင်းရင်းဆေးတက္ကသိုလ်၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းတို့နှင့် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ နီးနွယ်သောဌာနများ၊ အသင်းအဖွဲ့များမှ အသိပညာရှင်၊ အတတ်ပညာရှင်များ တက်ရောက်ကြမည် ဖြစ်ပါသည်။ ညီလာခံတွင် –

(၁) တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာမှ တိုင်းရင်းဆေးတက္ကသိုလ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်၊

(၂) ဘေးဥပဒ်အန္တရာယ်ကင်းရှင်းပြီး အရည်အသွေးနှင့် အာနိသင်ပြည့်ဝသည့် ပိုမိုကောင်းမွန်သော ဦးစီးဌာနသုံး တိုင်းရင်းဆေးဝါးများပေါ်ထွက်လာစေရေးအတွက် သုတေသနလုပ်ငန်းများ၊ အသိပညာပေးလုပ်ငန်းများ ဝိုင်းဝန်းဆောင်ရွက်ရန်၊

(၃) တိုင်းရင်းဆေးပညာရပ်ဆိုင်ရာအရည်အသွေးများ ပိုမိုတိုးတက်မြင့်မားလာစေရန် တိုင်းရင်းဆေးပညာရှင်များအတွက် ဘာသာရပ်ဆိုင်ရာ မွမ်းမံသင်တန်းများဖွင့်လှစ်နိုင်ရေး ဆက်စပ်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(၄) တိုင်းရင်းဆေးပညာဖြင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် စသည့် အဆိုပြုချက်များကို တင်သွင်းသွားကြမည် ဖြစ်ပါသည်။

တက်ရောက်လာသော ညီလာခံကိုယ်စားလှယ်တော်ကြီးများက တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့၏ အတွေ့အကြုံ၊ အတွေးအခေါ်အယူအဆ၊ အသိပညာများဖြင့် ဝိုင်းဝန်းဆွေးနွေးအကြံပြုကြမည်ဖြစ်ကာ တိုင်းရင်းဆေးပညာရပ်ဝန်းအတွက် တန်ဖိုးမဖြတ်နိုင်သော ရလဒ်ကောင်းများရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားကြမည် ဖြစ်ပါသည်။

## စာတမ်းများ ဖတ်ကြားဆွေးနွေးကြမည်

ဆက်လက်၍ မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ စာတမ်းရှင်များက တိုင်းရင်းဆေးပညာ ရိုးရာကုထုံးနည်းစနစ်နှင့် ဆေးဝါးဆိုင်ရာစာတမ်းများ ဖတ်ကြားဆွေးနွေးကြမည် ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် နိုင်ငံတော်အကြီးအကဲ၏ အားပေးချီးမြှောက်မှု၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဦးဆောင်လမ်းညွှန်မှု၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ယခုကျင်းပမည့်ညီလာခံသို့ တက်ရောက်လာကြမည့် ညီလာခံကိုယ်စားလှယ်တော်ကြီးများနှင့် နီးနွယ်ပညာရှင်များအနေဖြင့် တိုင်းရင်းဆေးပညာ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းဆွေးနွေးပေး အကြံပြုကြပါရန် တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။ ။


(၂၂)ကြိမ်မြောက်

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့်

မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ

၂၀၂၃ ခုနှစ် ဒီဇင်ဘာလ (၂၀၊ ၂၁၊ ၂၂)ရက် နေပြည်တော်


## အောင်လံမြို့ ပြည်သူ့ဆေးရုံ၌ အထူးကုဆရာဝန်များ အခမဲ့ကွင်းဆင်းဆေးကုသ

**အောင်လံ ဒီဇင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး အောင်လံမြို့ ပြည်သူ့ဆေးရုံ၌ ဒီဇင်ဘာ ၁၃ ရက်က သရက်ခရိုင်ပြည်သူ့ဆေးရုံအထူးကုဆရာဝန်များအဖွဲ့က လူနာများအား အခမဲ့ကုသပေးသည်။

ထိုသို့ အထူးကုဆရာဝန်များ အခမဲ့နယ်လှည့်ကွင်းဆင်းဆေးကုသမှု ဆောင်ရွက်ရာသို့ မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာနန္ဒဝင်းက လာရောက်တွေ့ဆုံအားပေးသည်။ အဆိုပါဆေးကုသမှုတွင် ကလေးအထူးကု၊ အထွေထွေရောဂါကုသမားတော်၊ ခွဲစိတ်အထူးကု၊ အရိုးအကြောအထူးကု၊ သားဖွားမီးယပ်အထူးကု၊ ခါတ်မှန်အထူးကုနှင့် သွားရောဂါအထူးကုဆရာဝန်ကြီးများက မြို့နယ်အတွင်းမှ ပြည်သူ ၇၇၉ ဦးကို အခမဲ့ကုသပေးခဲ့သည်။ မျိုးသိန်း(ပြန်/ဆက်)

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကြည့်ရှုစစ်ဆေး





**နေပြည်တော် ဒီဇင်ဘာ ၁၄**

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (တောင်ကြီး) သို့ ရောက်ရှိပြီး ရုံးဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ဝန်ထမ်းများနှင့်တွေ့ဆုံကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ အေးသာယာမြို့ စွယ်တော်ကျောင်းတိုက်သို့ ရောက်ရှိပြီး ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညို၍ ဆရာတော်၊ သံဃာတော်များနှင့် ဘုန်းတော်ကြီးသင် ကျောင်းသားကျောင်းသူများအတွက် ဆွမ်းဆန်တော်၊ ကျောင်းသုံးဗလာစာအုပ်များကို လည်းကောင်း၊ ညောင်ရွှေမြို့နယ်ရှိ ထပ်အိမ်ဂူဘုန်းတော်ကြီးသင်ပရဟိတပညာရေးကျောင်း၌ ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆန်အိတ်များကိုလည်းကောင်း ဆပ်ကပ်လှူဒါန်းကာ ကျောင်းဝင်းအတွင်း ဆောင်ရွက်လျက်ရှိသော တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ပညာသင်ကြားနေကြသော ကျောင်းသား ကျောင်းသူများ အခက်အခဲမရှိ ပညာသင်ယူနိုင်ရေးအတွက် လိုအပ်သည်များကို ကူညီပံ့ပိုးပေးသည်။

ယင်းနောက် အောင်ပန်းမြို့ရှိ စက်မှုလက်မှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းဝင်းအတွင်း ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းများကိုလည်းကောင်း၊ ကလောမြို့ ရပ်ကွက်(၈)မှ ရွှေမင်းဖုန်းဘုရား-တောင်ပဲ့ ကျေးရွာသွားလမ်း ရှစ်မိုင်တွင် စုစုပေါင်း လေးမိုင် အပြီးသတ် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း၊ ရှုခင်းသာ-ဟင်းခါးကုန်း-ဆင်တောင်-ခွေးရုပ်လမ်း ၅ မိုင် မြေလမ်း တာချဲ့ခြင်းလုပ်ငန်းနှင့်ကလောမြို့နယ် နန်းသဲ-တောင်လား - တောင်ကွဲ - နန်းတိုင်းလမ်း ၁၅ မိုင် ၅ ဖာလုံတွင် ၂ မိုင် ၆ ဖာလုံ အပြီးသတ် ကတ္တရာခင်းခြင်း လုပ်ငန်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယမန်နေ့ နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ဟိုပုံးမြို့နယ် မဲနယ်တောင်တန်းဒေသနှင့် လွယ်မောတောင်တန်း ဒေသများ၌ အစားထိုးဖွံ့ဖြိုးမှု လုပ်ငန်းများ အကောင်အထည် ဖော်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသော လမ်းကွန်ရက် ဖောက်လုပ်ခြင်း လုပ်ငန်းများဖြစ်သည့်ကောင်းကလွန်း-လွယ်မိုင်းတောင်(ပွိုင့် ၈၂၆၃) နှစ်မိုင် ခြောက်ဖာလုံ မြေလမ်းသစ်ဖောက်လုပ်ခြင်းနှင့် Box Culvert လေးစင်း တည်ဆောက်ခြင်း လုပ်ငန်း၊ ပန်ကလ-ဒုံလိတန် တစ်မိုင် ငါးဖာလုံ မြေလမ်းသစ်ဖောက်လုပ်ခြင်းနှင့် သုံးမိုင် နှစ်ဖာလုံ အမာခံခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ ပါခက်-ပန်ကလ ၁ မိုင် လေးဖာလုံ မြေလမ်းဖောက်လုပ်ခြင်းနှင့် ပေ ၂၀ တံတားဆောက်လုပ်ပြီးစီးမှုနှင့် ပန်စောက်-လဲဉ်းကလ-ဟိုင်းန္တဲ့ ၁၀ မိုင် သုံးဖာလုံ မြေလမ်းဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လမ်းဘေးရေမြောင်းများနှင့် Box Culvert များ စနစ်တကျ ဆောင်ရွက်ရန်၊ လမ်းအတက်အဆင်းများ ချောမောပြေပြစ်အောင် ဆောင်ရွက်ရန်နှင့် အချိန်မီပြီးစီးရေးတို့ကို မှာကြားသည်။ **(အပေါ်ပုံ)**

နယ်စပ်ရေးရာ ဝန်ကြီးဌာန အနေဖြင့် မဲနယ်တောင်တန်းဒေသနှင့် လွယ်မောတောင်တန်းဒေသတို့တွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှစ၍ ကျောက္ကချား - နတ်စင်- ပန်ကလလမ်း ခြောက်မိုင် လေးဖာလုံ၊ နတ်စင်- ပါခက်- ပန်ကလလမ်း သုံးမိုင် တစ်ဖာလုံ၊ ပါခက်-နောင်လိုင်လမ်း လမ်းတာချဲ့ လေးမိုင် လေးဖာလုံတို့ကို လည်းကောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပန်ကလ- ဒုံလိတန် မြေသားလမ်း သုံးမိုင် နှစ်ဖာလုံ၊ ပန်စောက် - လဲဉ်းကလ- ဟိုင်းန္တဲ့ မြေသားလမ်း ၁၀ မိုင် သုံးဖာလုံနှင့် လပ်တိုင်-နားခိုက်- ဝမ်တီး-ပန်ဟိုင်း-သီဟိုးလမ်း ၁၅ မိုင် တစ်ဖာလုံတို့ကို အဆင့်မြှင့်တင်ခြင်း၊ လပ်တိုင်- ထမ့်ယမ်း- နောင်တဗန်- ဆော့ဆားလမ်းလမ်းတာချဲ့ လေးမိုင် နှစ်ဖာလုံတို့ကို လည်းကောင်း ဆောင်ရွက်ပေးပြီးဖြစ်၍ လာမည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျောက္ကချား - နတ်စင် - ပန်ကလ လမ်းနှင့် နတ်စင် - ပါခက် - ပန်ကလလမ်းတို့တွင် အတက်အဆင်း မတ်စောက်သည့်နေရာများ၌ တစ်မိုင် ကွန်ကရစ်ခင်းခြင်း၊ ပါခက်-နောင်လိုင် လေးမိုင် လေးဖာလုံ လမ်းတာချဲ့ ပြီးစီးသည့်အပေါ်တွင် လိုအပ်သည့် Box Culvert နှင့် ရေကျော်များ တည်ဆောက်ခြင်း၊ နားမွန်း - ထီအုံစောက်-တနိုင်မွန် လမ်း ၁၀ မိုင် တစ်ဖာလုံ လမ်းတာချဲ့ခြင်းနှင့် Box Culvert ရှစ်စင်း တည်ဆောက်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အလားတူ သမဝါယမနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ဒုံလိတန်-နားလုံး-ဟိုင်းန္တဲ့လမ်းပိုင်း ကိုးမိုင် နှစ်ဖာလုံ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း အပြီးသတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကာ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက မဲနယ်တောင်တန်းဒေသနှင့် လွယ်မောတောင်တန်း ဒေသအတွင်း တောင်-မြောက်-အရှေ့-အနောက် လမ်းကွန်ရက်များ ဖြစ်ပေါ်လာပြီး ဒေသတွင်းရှိ ကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများအတွက် အစားထိုးဖွံ့ဖြိုးမှု လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် လူမှုစီးပွားဘဝများစွာ တိုးတက်လာမည်ဖြစ်သည့်အပြင် ဒေသတွင်း ခရီးသွားလုပ်ငန်းများလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆိုက်ခေါင်မြို့ရှိ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းအတွင်းရှိအိပ်ဆောင်များ၊ စာကြည့်တိုက်၊ ရာသီသီးနှံများ စိုက်ပျိုးထားရှိမှု ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများနှင့်အတူ နေ့လယ်စာ သုံးဆောင်ခဲ့ကြသည်။

ယင်းနောက် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း (ဆိုက်ခေါင်)သို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ သင်တန်းသူများ၏ လေ့ကျင့်သင်ကြားနေမှုများ၊ အိပ်ဆောင်၊ သင်တန်းခန်းမများနှင့် ဥစားကြက်ခြံတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မလှိုင်မြို့၌ ပန်းခင်းစီမံချက်(၂)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များထုတ်ပေး



**မလှိုင် ဒီဇင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧယျာအောင်သံ အစည်းအဝေးခန်းမ၌ ပန်းခင်းစီမံချက်အဆင့်(၂)ဖြင့် ဆောင်ရွက်ပေးခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်များ ပြည်သူ့လက်ဝယ်သို့ ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်က အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားကတ် မရရှိသေးသူများနှင့် ယခုနှစ်တွင် အသက် (၁၆)နှစ်ပြည့်ပြီးသူများအား ပန်းခင်းစီမံချက်အဆင့်(၂)ဖြင့် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ကို တန်ဖိုးထားထိန်းသိမ်းသွားကြရန်နှင့် ယခုနိုင်ငံသားကတ်လာရောက်ထုတ်ယူသူများအားလုံးကို ဇီဝဆိုင်ရာအချက်အလက် ကောက်ယူခြင်းနှင့် UID နံပါတ်ထုတ်ပေးခြင်းကို တစ်ဆက်တည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဟန်က လုပ်ငန်းဆောင်ရွက်မှုစပ်လျဉ်း၍ ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျေးရွာအုပ်စု ၃၁ အုပ်စုရှိ ပြည်သူ ၄၅၉ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ခဲ့ပြီး ဇီဝဆိုင်ရာအချက်အလက်ကတ်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြထွန်း(မလှိုင်)**

# တစ်လသားကလေးငယ်၏ ဦးခေါင်းမှ ပြည်လုံးကြီးကို ကျိုက်ထိုမြို့ ပြည်သူ့ဆေးရုံကြီး၌ အောင်မြင်စွာခွဲစိတ်ကုသ



**ရန်ကုန် ဒီဇင်ဘာ ၁၄**

တစ်လသားကလေးငယ်ကို ခေါင်းတုံးပေးရာမှ အရေပြားထိခိုက်မှုကြောင့် ဦးခေါင်းတွင် ပန်းသီးလုံးပမာဏ ပြည်လုံးကြီးဖြစ်ပေါ်ခဲ့ရာ ကျိုက်ထိုမြို့ပြည်သူ့ဆေးရုံကြီး၌ ဒီဇင်ဘာ ၁၃ ရက်က အောင်မြင်စွာခွဲစိတ်ကုသမှုဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း ယင်းဆေးရုံမှ သိရသည်။

ဖြစ်စဉ်မှာ တောင်ကလေးရွာဘက်တွင်မွေးဖွားသော တစ်လအရွယ်ခန့် ကလေးငယ်အား ဆံပင်မသန့်မည်စိုး၍ ခေါင်းတုံးပေးရာ အရေပြားထိခိုက်မှုဖြစ်၍ သွေးစသွေးနများထွက်လာသဖြင့် သွေးတိတ်ရန် နနွင်းမှုန့်နှင့် ဆေးဖက်ဝင်သည့်အရွက်များကို ပါးစပ်နှင့်ဝါးကာ ဒဏ်ရာကို အုံပေးထားရာက အထက်ပါပြည်တည်ခြင်းအစပြုခဲ့ကြောင်း ဆေးရုံမှ သိရသည်။

ထို့နောက်ကလေးငယ်မှာ ဒဏ်ရာပိုဆိုးလာပြီး ဦးခေါင်းတွင် ပြည်တည်နာဖြစ်ကာ နို့ပင်မစို့နိုင်သည့်အပြင် ငိုရာ အသံပင်မထွက်တော့သည့် အခြေအနေဖြစ်လာခဲ့ကြောင်း ဆေးရုံမှ သိရသည်။

ကလေးကို မွေးဆံပင်နှင့်မထားကောင်း၍ ဆံပင်ရိတ်ပစ်ရမည်၊ ကလေးငယ်ဆံပင်ပါးနေ၍ ခေါင်းရိတ်ပေးရမည်ဟူသော အယူအဆသည် မမှန်ကန်ကြောင်း၊ ကလေးကိုမဖြစ်မနေ မွေးဆံပင်ရိတ်ပေးရမည်ဆိုသည့် အယူအဆက အများလက်ခံထားသည့်အယူအဆတစ်ရပ်သာဖြစ်ပြီး ကျန်းမာရေးအတွက် လိုအပ်သည့်အချက်တစ်ခုမဟုတ်ကြောင်းလည်း ဆေးရုံက အသိပေးထားသည်။

ကလေးငယ်များတွင် ၎င်းတို့၏ခန္ဓာကိုယ်အပူချိန်ကို ဦးခေါင်းကနေ တစ်ဆင့်ထိန်းချုပ်ခြင်းကြောင့် မွေးဆံပင်ရိတ်လိုက်ချိန်တွင် ကလေးငယ်အနေဖြင့် အအေးမိ၊ နှာစေး၊ နှာပိတ်သည့်လက္ခဏာများ အလွယ်တကူခံစားရနိုင်ကြောင်းလည်း ယင်းဆေးရုံက အသိပေးသည်။

ဇက်မခိုင်သေးသောကလေးကို ဆံပင်ရိတ်ခြင်းသည် ထိခိုက်နိုင်ခြေများကြောင်း၊ ကလေးကို မဖြစ်မနေဆံပင်ရိတ်မည်ဆိုပါက ကလေး မတ်မတ်ထိုင်သည့်အရွယ်ရောက်မှ ရိတ်စေလိုကြောင်းလည်း အကြံပြုထားသည်။

**MT**

# မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ပြည်ထဲရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် ( ၇၅၉ /၂၀၂၃ )**

**၁၃၈၅ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်**

**( ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက် )**

ပြည်ထဲရေးဝန်ကြီးဌာနသည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၃၀ ပုဒ်မခွဲ (က)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ နည်းဥပဒေများကိုပြင်ဆင်သည့်နည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ နည်းဥပဒေများတွင် ပါရှိသည့် "ကုန်သွယ်ရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "တားဆီးနှိမ်နင်းရေးကြီးကြပ်မှုအဖွဲ့" ဆိုသည့်စကားရပ်ကို "တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့" ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ "ပြည်သူ့ရဲတပ်ဖွဲ့" ဆိုသည့်စကားရပ်ကို "မြန်မာနိုင်ငံရဲတပ်ဖွဲ့" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "ပြည်နယ်၊ တိုင်းရဲတပ်ဖွဲ့မှူး" ဆိုသည့်စကားရပ်ကို "နေပြည်တော်ရဲတပ်ဖွဲ့မှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူး" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူး" ဆိုသည့် စကားရပ်ကို "မြို့နယ်ရဲတပ်ဖွဲ့မှူး" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ပြည်သူ့ရဲမှုခင်းတပ်ဖွဲ့" ဆိုသည့် စကားရပ်ကို "မှုခင်းရဲတပ်ဖွဲ့" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ပြည်သူ့ရဲမှုခင်းတပ်ဖွဲ့မှူး" ဆိုသည့်စကားရပ်ကို "မှုခင်းရဲတပ်ဖွဲ့မှူး"ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "ဒုတိယမှုခင်းတပ်ဖွဲ့မှူး" ဆိုသည့်စကားရပ်ကို "ဒုတိယမှုခင်းရဲတပ်ဖွဲ့မှူး" ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ "ပြည်သူ့ရဲသတင်းတပ်ဖွဲ့" ဆိုသည့်စကားရပ်ကို "သတင်းရဲတပ်ဖွဲ့" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "ဒုတိယသတင်းတပ်ဖွဲ့မှူး" ဆိုသည့်စကားရပ်ကို "ဒုတိယသတင်းရဲတပ်ဖွဲ့မှူး" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "ကျန်းမာရေးဦးစီး ဌာန" ဆိုသည့်စကားရပ်ကို "ကုသရေးဦးစီးဌာန" ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ "လူမှုဝန်ထမ်းဦးစီးဌာန" ဆိုသည့် စကားရပ်ကို "ပြန်လည်ထူထောင်ရေးဦးစီးဌာန" ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း အသီးသီးအစားထိုးရမည်။

၃။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၂ တွင်-

(က) နည်းဥပဒေခွဲ (ဆ)၊ (ဓ)၊ (ဈ)၊ (ည) နှင့် (ဋ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဆ) **လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်မှုကြီးကြပ်ရေးအဖွဲ့**ဆိုသည်မှာ ဥပဒေ ပုဒ်မ ၇ ပုဒ်မခွဲ (ဋ) အရ ဗဟိုအဖွဲ့က ဖွဲ့စည်းပေးသောအဖွဲ့ကိုဆိုသည်။

(ဇ) **ကြီးကြပ်ကွပ်ကဲမှုအဖွဲ့** ဆိုသည်မှာ နည်းဥပဒေ ၃အရ ဖွဲ့စည်းထားသော ဆေးဝါးသုံးစွဲသူကုသရေးကြီးကြပ်ကွပ်ကဲမှုအဖွဲ့ကို ဆိုသည်။

(ဈ) **ပြန်လည်ထူထောင်ရေးစခန်း**ဆိုသည်မှာ ဥပဒေအခန်း(၆)ပါ ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနအောက်ရှိပြန်လည်ထူထောင်ရေးစခန်းများကိုဆိုသည်။ ယင်းစကားရပ်တွင် ပြည်ထဲရေးဝန်ကြီးဌာနမှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခဲ့သော ပြုစုပျိုးထောင်ရေးစခန်းများလည်း ပါဝင်သည်။

(ည) **ဆေးဝါးသုံးစွဲသူကုသရေးဌာန** ဆိုသည်မှာ ဆေးဝါးသုံးစွဲသူများအား ဆေးကုသရန် ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်သည့်ဆေးရုံ၊ ဆေးကုသဌာန သို့မဟုတ် ခွင့်ပြုချက်ပေးထားသည့် ဆေးကုဂေဟာ သို့မဟုတ် ဤကိစ္စအလို့ငှာ အစိုးရက အသိအမှတ်ပြုထားသည့်ဆေးကုသဌာန သို့မဟုတ် ဆေးကုဂေဟာကို ဆိုသည်။

(ဋ) **ကာကွယ်တားဆီးနှိမ်နင်းရေးလုပ်ငန်း** ဆိုသည်မှာ ဗဟိုအဖွဲ့နှင့် ဥပဒေပုဒ်မ ၇ အရ ဗဟိုအဖွဲ့က ဖွဲ့စည်းထားသောလုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များကို ဆိုသည်။"

(ခ) နည်းဥပဒေခွဲ (ဌ) ကို ပယ်ဖျက်ရမည်။

(ဂ) နည်းဥပဒေခွဲ (ဍ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဍ) **တာဝန်ခံဆရာဝန်**ဆိုသည်မှာဆေးဝါးသုံးစွဲသူကုသရေးဌာနတွင်တာဝန်ထမ်းဆောင်နေသောတာဝန်ခံဆရာဝန်ကို ဆိုသည်။"

၄။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ နည်းဥပဒေများ၊ အခန်း(၂)၊ ခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည်-

**"ဆေးဝါးသုံးစွဲသူကို ဆေးကုသပေးခြင်း"**

၅။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၃ နည်းဥပဒေခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များသည် ဆေးဝါးသုံးစွဲသူအား ထိရောက်စွာကုသနိုင်ရေးအတွက် မိမိတို့နှင့် သက်ဆိုင်ရာဒေသအတွင်းရှိ ဆေးဝါးသုံးစွဲသူကုသရေးဌာနများ၌ ကြီးကြပ်ကွပ်ကဲမှုအဖွဲ့များ ဖွဲ့စည်းပေးရမည်။"

၆။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၄။ (က) ဆေးဝါးသုံးစွဲသူသည် အသက် ၁၈ နှစ်ပြည့်ပါက မိမိ၏သဘောဆန္ဒအလျောက်ဖြစ်စေ၊ အသက် ၁၈ နှစ်မပြည့်သေးပါက မိဘ သို့မဟုတ် အုပ်ထိန်းသူနှင့် အတူလာရောက်၍ဖြစ်စေ ဆေးဝါးသုံးစွဲသူကုသရေးဌာန၌ ဆေးကုသမှုခံယူရမည်။

(ခ) ဆေးဝါးသုံးစွဲသူအား ဆေးဝါးကုသမှုပြီးဆုံးပါက ပြန်လည်ထူထောင်ရေးစခန်းသို့ ပို့အပ်သင့်သည်ဟု ဆေးကုသရေးအဖွဲ့နှင့် ကြီးကြပ်ကွပ်ကဲမှုအဖွဲ့က ယူဆလျှင် ၎င်းအဖွဲ့များက ကျန်းမာရေးဝန်ကြီးဌာနသို့ တင်ပြရမည်။

(ဂ) ကျန်းမာရေးဝန်ကြီးဌာနသည် ဆေးဝါးသုံးစွဲသူအား သက်ဆိုင်ရာပြန်လည်ထူထောင်ရေးစခန်းသို့ လွှဲပြောင်းပို့အပ်နိုင်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(ဃ) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ဆေးဝါးသုံးစွဲသူအား သက်ဆိုင်ရာပြန်လည်ထူထောင်ရေးစခန်း၌ ခြောက်လထိ ပြုစုပျိုးထောင်ပေးရေးလုပ်ငန်းများ ဆောင်ရွက်ပေးရမည်။"

၇။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၅ နှင့် ၆ တို့ကို ပယ်ဖျက်ရမည်။

၈။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၇။ ဆေးဝါးသုံးစွဲသူသည် ဆေးဝါးသုံးစွဲမှုကြောင့်ဖြစ်ပေါ်နိုင်သော နောက်ဆက်တွဲကျန်းမာရေးဆိုင်ရာဆိုးကျိုးများကို လျော့ချရန် ဆေးဝါးသုံးစွဲသူကုသရေးဌာနများထံမှ အောက်ပါဝန်ဆောင်မှုများ ရယူနိုင်သည်-

(က) တစ်ခါသုံးဆေးထိုးအပ်များ၊

(ခ) အစားထိုးဆေးဝါးကုသမှု၊

(ဂ) ခုခံအားကျဆင်းမှုကူးစက်ရောဂါရှိမရှိစစ်ဆေးခြင်းနှင့် နှစ်သိမ့်ဆွေးနွေးမှု၊

(ဃ) ခုခံအားကျဆင်းမှုကူးစက်ရောဂါ ကုသဆေးများ၊

(င) ကာလသားရောဂါ ကာကွယ်ကုသမှု၊

(စ) ကွန်ဒုံးများ၊

(ဆ) ဆေးဝါးသုံးစွဲသူနှင့် ၎င်းတို့နှင့်လိင်ဆက်ဆံသူများအား သတင်းအချက်အလက်နှင့် ပညာပေးဆွေးနွေးမှုများ၊

(ဇ) အသည်းရောင်အသားဝါရောဂါကာကွယ်ဆေးထိုးခြင်း၊ ရောဂါရှာဖွေခြင်းနှင့် ကုသခြင်း၊

(ဈ) တီဘီရောဂါကာကွယ်ခြင်းနှင့် ကုသခြင်း၊

(ည) ဆေးလွန်မှုကုသရန် ဆေးဝါးများ၊

(ဋ) ကျန်းမာရေးဆိုင်ရာအသိပညာနှင့် လိုအပ်သော အကူအညီများ။"

၉။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၉။ အကျဉ်းထောင်တာဝန်ခံ သို့မဟုတ် ရဲစခန်းမှူးသည် တည်ဆဲ ဥပဒေပါပြစ်မှုတစ်ရပ်ရပ်ဖြင့် ချုပ်ထားခြင်းခံရသူ သို့မဟုတ် ပြစ်ဒဏ်ကျခံနေရသူသည် ဆေးဝါးသုံးစွဲကြောင်း စိစစ်သိရှိရပါက သက်ဆိုင်ရာတာဝန်ခံဆရာဝန်နှင့် ညှိနှိုင်း၍ ဆေးကုသနိုင်ရန် ဆောင်ရွက်ပေးရမည်။"

၁၀။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၉ ၏နောက်တွင် နည်းဥပဒေ ၉-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၉-က။ (က) သက်ဆိုင်ရာရဲစခန်းမှူး အဆင့်အောက်မနိမ့်သော ရဲအရာရှိသည်ဆေးဝါးသုံးစွဲကြောင်းသံသယရှိသူအား ပဏာမဆေးစစ်ချက် ခံယူစေရမည်။ ဆေးဝါးသုံးစွဲကြောင်း စစ်ဆေးတွေ့ရှိပါက ဆေးကုသမှုခံယူနိုင်ရန် ဆေးဝါးသုံးစွဲသူ ကုသရေးဌာနသို့ ဆောလျင်စွာ ပို့အပ်ရမည်။

(ခ) သက်ဆိုင်ရာ ရဲစခန်းမှူးသည် ပဏာမဆေးစစ်ချက်ခံယူရန် ငြင်းဆန်ပျက်ကွက်သူကို ဖြစ်စေ၊ ဆေးဝါးသုံးစွဲကြောင်း စစ်ဆေးတွေ့ရှိပြီး ဆေးကုသမှုခံယူရန် ပျက်ကွက်သူကိုဖြစ်စေ ခံဝန်ချုပ် ချုပ်ဆိုနိုင်ရန် မြို့နယ်တရားရုံးသို့ လျှောက်ထားရမည်။

(ဂ) တရားရုံးသည် နည်းဥပဒေခွဲ(ခ)အရ လျှောက်ထားခြင်းခံရသူအား ပဏာမဆေးစစ်ချက်ခံယူနိုင်ရေးနှင့် ဆေးကုသမှုခံယူနိုင်စေရေးအတွက် သတ်မှတ် ချက်များနှင့်အညီ ခံဝန်ချုပ် ချုပ်ဆိုစေရန် အမိန့်ချမှတ်နိုင်သည်။

(ဃ) တရားရုံးသည် ဆေးဝါးသုံးစွဲသူက နည်းဥပဒေခွဲ (ဂ) အရ ချမှတ်သော အမိန့်နှင့်အညီ ခံဝန်ချုပ် ချုပ်ဆိုခြင်းမပြုလျှင်ဖြစ်စေ၊ ချမှတ်သောခံဝန်ချုပ်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်ဖြစ်စေ ဆေးကုသမှုခံယူရေးနှင့် ပြုစုပျိုးထောင်ရေးတို့အတွက် ဤကိစ္စအလို့ငှာ ဖွင့်လှစ်ထားသော သက်ဆိုင်ရာ ပြန်လည်ထူထောင်ရေးစခန်းသို့ ခြောက်လပို့အပ်သည့်အမိန့်ချမှတ်ရမည်။

(င) နည်းဥပဒေခွဲ (ဃ) အရ အမိန့်ချမှတ်ခြင်းခံရသူအား ပြန်လည်ထူထောင်ရေးစခန်းသို့သက်ဆိုင်ရာရဲစခန်းက လိုအပ်သောအစီအမံဖြင့် ပို့အပ်ရမည်။

(စ) ထိုသို့ပို့အပ်ခြင်းခံရသူသည် သက်ဆိုင်ရာပြန်လည်ထူထောင်ရေးစခန်းက သတ်မှတ်ထားသည့်ညွှန်ကြားချက်များ၊ စည်းကမ်းချက်များနှင့်အညီ နေထိုင်ရမည်။

(ဆ) မြန်မာနိုင်ငံရဲတပ်ဖွဲ့သည်ဆေးဝါးသုံးစွဲသူ သို့မဟုတ် ဆေးဝါးသုံးစွဲကြောင်း သံသယရှိသူနှင့် စပ်လျဉ်း၍ သတင်းပေးပို့လာပါက နည်းဥပဒေခွဲ (က) ၊ (ခ) တို့နှင့် အညီ ဆောင်ရွက်ရမည်။"

၁၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၁၀ တွင်-

(က) နည်းဥပဒေခွဲ (က) ၌ ပါရှိသော "မှတ်ပုံတင်ပြီး" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

(ခ) နည်းဥပဒေခွဲ (ဃ) နှင့် (င) တို့ကို ပယ်ဖျက်ရမည်။

၁၂။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၁၁ တွင်-

(က) ခြေဆင်း၌ပါရှိသော "မှတ်ပုံတင်ခြင်း" ဆိုသည့် စကားရပ်နှင့် "မှတ်ပုံတင်ပယ်ဖျက်ခြင်းလုပ်ငန်းများနှင့်" ဆိုသည့် စကားရပ်တို့ကို ပယ်ဖျက်ရမည်။

(ခ) နည်းဥပဒေခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) ဗဟိုအဖွဲ့၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေနှင့် ခရိုင်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး အဖွဲ့များ၏ ညွှန်ကြားချက်များနှင့်အညီ ကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုကို တာဝန်ယူကြီးကြပ်ခြင်း၊"

(ဂ) နည်းဥပဒေခွဲ (ခ) ၌ ပါရှိသော "ဆေးဝါးသုံးစွဲသူမှတ်ပုံတင်ဌာနနှင့်" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

# အကြမ်းဖက်ဝဲဂယက်အတွင်းက ရုန်းထွက်ချိန်တန်ပြီ

မင်းခေါင်

**ကမ္ဘာ့နိုင်ငံအသီးသီးတွင် လူငယ်များကို နိုင်ငံတော်၏ အရန်အင်အားအဖြစ် သတ်မှတ်လေ့ရှိသည်။ အနာဂတ်တွင် နိုင်ငံတော်၏ တာဝန်များကို ပခုံးပြောင်းတာဝန်ယူနိုင်ရန်လည်း လူငယ်ဖွံ့ဖြိုးရေးစီမံကိန်းများ ချမှတ်အကောင်အထည်ဖော်၍ စနစ်တကျ မွေးမြူလေ့ကျင့်ပျိုးထောင်ပေးလေ့ရှိကြသည်။ သို့ရာတွင် တစ်ဖက်ကလည်း ကိုယ်ကျိုးရှာ နိုင်ငံရေးသမားများက မိမိအာဏာရရှိရေး၊ မိမိအာဏာတည်မြဲရေးအတွက် လူငယ်ထုကို မြှောက်ပင့်သွေးထိုးလှုံ့ဆော်ကာ လူငယ်တို့၏ နိုးကြားတက်ကြွသော အားမာန်အပေါ် တလွဲအသုံးချ၍ လမ်းမှားပေါ်သို့ တွန်းပို့တတ်ကြပြန်ပါသည်။**

အတိတ်ကာလတွင် ဥက္ကဋ္ဌကြီး မော်စီတုံးသည် တရုတ်ပြည်၏ အယူဝါဒရေးရာတို့ကို သန့်ရှင်းခြင်းဖြင့် တရုတ်ပြည်၏ တိုးတက်မှုကို အရှိန်မြှင့်တင်နိုင်လိမ့်မည်ဟူ၍လည်းကောင်း၊ တရုတ်ပြည်အား ဆိုဗီယက်ရှိ ခရုးရှေ့ဗ်၏ ပြင်ဆင်ရေးဝါဒလမ်းစဉ်ကို မလိုက်ဖို့ တားဆီးရေးအတွက်လည်းကောင်း၊ ဇရာပိုင်းဘဝ အသက်အရွယ်အရ မိမိ၏ လျော့ပါးလာသောဩဇာအာဏာကို ပြန်လည်တည်ဆောက်နိုင်ရန်လည်းကောင်း၊ ငယ်ရွယ်သော၊ ပညာကောင်းစွာ မသင်ခဲ့ဖူးသော လူငယ်အများစုကို တပ်နီအဖြစ် အသုံးချ၍ ၁၉၆၆ ခုနှစ်တွင် ယဉ်ကျေးမှုတော်လှန်ရေးတစ်ရပ်ကို ဆင်နွှဲခဲ့သည်။

> ❍ **NUG နှင့် PDF တို့သည် “ငါနှင့်မတူ ငါ့ရန်သူ” ဟူသော အစွန်းရောက်သဘောထားဖြင့် ရဟန်းသံဃာများ၊ ဆရာ ဆရာမ၊ ဆရာဝန်၊ ရဲတပ်ဖွဲ့ဝင်၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လျှပ်စစ်ဝန်ထမ်းများ၊ အုပ်ချုပ်ရေးမှူးများ စသည့်နိုင်ငံ့ဝန်ထမ်းများ၊ နိုင်ငံရေးပါတီဝင်များ၊ အပြစ်မဲ့အရပ်သားပြည်သူများကို ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခဲ့ကြသည်။ ၂၀၂၁ ခုနှစ်မှစ၍ အကြမ်းဖက်အဖွဲ့အစည်းများ၏ လုပ်ကြံသတ်ဖြတ်မှုကြောင့် သေဆုံးသူပေါင်း ၆၇၀၀ ကျော်ရှိခဲ့ကြောင်း သိရသည်။ ယခုတိုင်လည်း နိုင်ငံ့ဝန်ထမ်းများနှင့် သာမန်အရပ်သားပြည်သူများသည် အကြမ်းဖက်မှုအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့ နေကြရဆဲဖြစ်**

တပ်နီများသည် မော်စီတုံး၏ အဆိုအမိန့်များ ရေးသားထားသည့် စာအုပ်နီကို ဘုရားသခင်၏ အဆိုအမိန့်အလား ထင်မှတ်ကာ ဖွေ့ယမ်းလျက် ပုဂ္ဂိုလ်ရေးကိုးကွယ်မှုနှင့် မသင့်မြတ်မှုကို ဖန်တီးမည့် ကြွေးကြော်သံများဖြစ်သည့် “ဥက္ကဋ္ဌကြီးမော်အပေါ် ထာဝရသစ္စာရှိကြ”၊ “ဟောင်းလေးဟောင်းကိုဖျက်” (အတွေးအခေါ်ဟောင်း၊ ယဉ်ကျေးမှုအဟောင်း၊ ဓလေ့စရိုက်အဟောင်း၊ အကျင့်ဟောင်းတို့ကို တိုက်ဖျက်ခြင်း) စသည်တို့ကို ကြွေးကြော်ကာ သူတို့အမြင်တွင် တန်ပြန်တော်လှန်ရေးသမားဟု ယူဆသူများကို စီရင်ချက်များ ချမှတ်ခဲ့ကြလေသည်။

## မျိုးဆက်တစ်ဆက်လုံး ပျက်စီးခဲ့

တက္ကသိုလ်များ အပိတ်ခံရသည်။ ပါမောက္ခများမှာ လယ်ယာစိုက်ကွင်းများသို့ အပို့ခံရကာ ဝက်ခြံသန့်ရှင်းရေးလုပ်ခြင်း သို့မဟုတ် လယ်စိုက်ခြင်း စသည့်အလုပ်ကြမ်းများကို လုပ်ကြရသည်။ လူတို့မှာ အချင်းချင်း ရန်စောင်လာကြသည်။ အလုပ်သမားအချင်းချင်း၊ မိတ်ဆွေအချင်းချင်း၊ သားသမီးနှင့် မိဘအချင်းချင်း ရန်သူသဖွယ် ဆက်ဆံလာကြသည်။ သန်းနှင့်ချီသောလူများ ရှင်းလင်းခံရသည်နှင့်အတူ ယဉ်ကျေးမှုလည်း အမှိုက်ပုံးထဲ ရောက်ခဲ့ရသည်။ မျိုးဆက်တစ်ဆက်လုံး ပျက်စီးခဲ့ရသည်။

နောက်ပိုင်းတွင် အရှုပ်အမှုးဖြစ်နေသောစိတ်၊ တစ်ယူသန်ဝါဒီများနှင့် အခွင့်အရေးသမားများ၏ မြှောက်ထိုးပင့်ကော် လုပ်ဆောင်မှုများကြောင့် “ယဉ်ကျေးမှုတော်လှန်ရေးကြီး”သည် အရှိန်မြှင့်လာပြီး ထိန်းမနိုင်သိမ်းမရဖြစ်လာခဲ့၍ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA) က တပ်နီများကို ပြန်လည်ရှင်းလင်း ဖြိုခွင်းခဲ့ရလေသည်။

သို့ရာတွင် ဆယ်နှစ်ဆယ်မိုး ကြာညောင်းခဲ့သည့် မဟာယဉ်ကျေးမှုတော်လှန်ရေးကြောင့် တရုတ်ပြည်၏ စီးပွားရေး၊ သိပ္ပံပညာ၊ ယဉ်ကျေးမှု၊ ပညာရေးဘက် အသီးသီးမှာ ကမ္ဘာ့ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် အကြီးအကျယ် ကွာဟသွားစေခဲ့သည်။

အဆိုပါ သမိုင်းကာလနှင့်ပတ်သက်၍ တရုတ်ပြည်၏ ပြုပြင်ပြောင်းလဲရေး ခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန်က “၁၀ နှစ်တိုင် ကြာခဲ့တဲ့ ဒီမဟာယဉ်ကျေးမှုတော်လှန်ရေးဟာ ဘေးဒုက္ခကြီး တစ်ခုဖြစ်တယ်”ဟု ပြန်ပြောင်းသုံးသပ်ခဲ့သလို တရုတ်ပြည်သူ့ သမ္မတနိုင်ငံသမ္မတကြီး ကျန်ဇီမင်းကလည်း နှစ်ပေါင်း ၃၀ ကြာပြီးနောက်တွင် “လှပတဲ့ ယဉ်ကျေးမှုအနုပညာများကို ဂုဏ်သရေညှိုးအောင် လုပ်ခြင်းနဲ့ ဖျက်ဆီးခြင်းစတဲ့ မိုက်မဲတဲ့ အပြုအမူတွေဟာ လုံးဝမှားယွင်းတယ်”ဟု ပြောကြားခဲ့သည်။

## ၁၀ နှစ် အိပ်မက်ဆိုး

တရုတ်နိုင်ငံသားများကလည်း ၁၀ နှစ် အိပ်မက်ဆိုးဟု ဆိုကြသည်။ လူသားများ၏ ကျင့်ဝတ်နှင့် ယဉ်ကျေးမှုကို ရက်ရက်စက်စက် ဖျက်ဆီးသည့် နိုင်ငံရေးလှုပ်ရှားမှုအဖြစ်၊ လူအများစု၏ အကြမ်းဖက်နိုင်ငံရေးအဖြစ် ရှုမြင်သုံးသပ်ခဲ့ကြသည်။ ယဉ်ကျေးမှုတော်လှန်ရေးသမိုင်းခေတ်ကို ခက်ခဲစွာဖြတ်သန်းခဲ့ဖူးသော ပညာရှင်တစ်ဦးကလည်း **“အဲဒီဒုက္ခတွေကို ကျွန်တော်တို့ ဘယ်တော့မှမမေ့ဘူး။ ပျက်စီးခဲ့တဲ့ အသက်တွေနဲ့ ပျက်စီးခဲ့တဲ့ မျိုးဆက်တစ်ဆက်ကို ကျွန်တော်တို့ဘယ်တော့မှ မမေ့ဘူး။ အဲဒီ တစ်ယူသန်လက်ဝဲစွန်းတွေကို ကျွန်တော်တို့ဘယ်တော့မှမမေ့ဘူး”**ဟု ဆိုခဲ့သည်။

ထိုစဉ်က မဟာယဉ်ကျေးမှုတော်လှန်ရေးကြောင့် တရုတ်ပြည်ကြီး ဘေးဒုက္ခကျရောက်ခဲ့ရသည့်နည်းတူ မရှေးမနှောင်းမှာပင် မြန်မာနိုင်ငံသည်လည်း တစ်ယူသန် လက်ဝဲအစွန်းရောက်များကြောင့် အသက်၊ အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ရသည်။

> ❑ **ကုလသမဂ္ဂက လုံခြုံရေးကောင်စီ Resolution ၁၅၆၆ တွင် နိုင်ငံရေးအရ၊ သဘောတရားအရ ရည်ရွယ်ပြီး သာမန်လူထုကို ဖြစ်စေ၊ အုပ်စုတစ်ခုကိုဖြစ်စေ တမင်သက်သက်ထိခိုက် ဒဏ်ရာရရှိအောင်၊ သေဆုံးအောင်၊ သို့မဟုတ် ပြန်ပေးဆွဲခြင်း စသည့်ရာဇဝတ်မှု ထိုက်သင့် သည့် လုပ်ရပ်များကို Terrorism ဟူ၍ အဓိပ္ပာယ်ဖွင့်ဆို**

သခင်သန်းထွန်း ဦးဆောင်သော ဗမာပြည်ကွန်မြူနစ်ပါတီသည် တရုတ်ပြည်မဟာယဉ်ကျေးမှုတော်လှန်ရေးကို ပုံတူကူးချ၍ ပါတီတွင်းဖြုတ်ထုတ်သတ်မှုများကို အတောမသတ် လုပ်ဆောင်ခဲ့ပြန်ပါသည်။

အရွယ်မရောက်သေးသော၊ ပညာမတတ်သော လူငယ်များကို တပ်နီအဖြစ်အသုံးပြု၍ သဘောထားချင်းမတိုက်ဆိုင်သည့် ပေါ်လစ်ဗျူရိုအဖွဲ့ဝင်များ၊ ပါတီဝင်များ၊ တောခိုတက္ကသိုလ်ကျောင်းသားများကို ပြန်လည်ပြင်ဆင်ရေးသမားများ၊ ပါတီ၏ရန်သူ၊ သစ္စာဖောက်များအဖြစ် စွပ်စွဲ၍ ရက်ရက်စက်စက် သတ်ဖြတ်ခဲ့လေသည်။

ထို့နောက်တွင် ဗမာပြည်ကွန်မြူနစ်ပါတီသည် ပေါက်ခေါင်းအပါအဝင် ကျေးလက်များတွင် အာဏာနီတည်ဆောက်ရေးဟုဆိုကာ အပြစ်မဲ့အရပ်သားပြည်သူများ၊ တောင်သူလယ်သမားဦးကြီးများ၊ စာရေးစာချီဝန်ထမ်းများနှင့် ရဟန်းသံဃာများပါမကျန် “နေဝင်းအစိုးရ၏ ဒေါက်တိုင်များ၊ ကျောရိုးများ” ဟု စွပ်စွဲကာ ရက်ရက်စက်စက် ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ခဲ့ကြလေသည်။ ထိုသို့ သတ်ဖြတ်ရာတွင် လက်ဝဲမှိုင်းမိနေကြသော တပ်နီလူငယ်များသည် သူတို့အခေါ် ငခုတ်ကြီး (ကိုင်းခုတ်ဓား)၊ ငဆော်ကြီး (ဝါးရင်းတုတ်) များကို အသုံးပြု၍ အပြစ်မဲ့ပြည်သူတို့၏ လည်ချောင်းသွေးဖြင့် ခြေဆေးကာ ကြွေးကြော်အောင်ပွဲ ခံခဲ့ကြပါသည်။

## ၂၀၂၁ ခုနှစ် မြန်မာ့နိုင်ငံရေးပြောင်းလဲမှု

ပြီးခဲ့သည့် ၂၀၂၁ ခုနှစ် မြန်မာ့နိုင်ငံရေးပြောင်းလဲမှုဖြစ်စဉ်တွင်လည်း အာဏာရပါတီ NLD သည် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပေါ်ပေါက်လာခဲ့သော မဲမသမာမှုကို တရားဥပဒေအရ ရင်ဆိုင်ဖြေရှင်းရမည့်အစား ဖြေရှင်းခွင့်လည်းရှိနေပါလျက်နှင့် နွေဦးတော်လှန်ရေးဟုဆိုကာ လူငယ်များကို လမ်းပေါ်တွန်းတင်ပြီး အကြမ်းဖက်လမ်းစဉ်တည်းဟူသော လမ်းမှားပေါ်သို့ တွန်းပို့ခဲ့ကြပြန်ပါသည်။

ထို့နောက်တွင် အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် NUG နှင့် PDF တို့သည် “ငါနှင့်မတူ ငါ့ရန်သူ” ဟူသော အစွန်းရောက်သဘောထားဖြင့် ရဟန်းသံဃာများ၊ ဆရာ ဆရာမ၊ ဆရာဝန်၊ ရဲတပ်ဖွဲ့ဝင်၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လျှပ်စစ်ဝန်ထမ်းများ၊ အုပ်ချုပ်ရေးမှူးများ စသည့်နိုင်ငံ့ဝန်ထမ်းများ၊ နိုင်ငံရေးပါတီဝင်များ၊ အပြစ်မဲ့အရပ်သားပြည်သူများကို ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခဲ့ကြသည်။ ၂၀၂၁ ခုနှစ်မှစ၍ အကြမ်းဖက် အဖွဲ့အစည်းများ၏လုပ်ကြံသတ်ဖြတ်မှုကြောင့် သေဆုံးသူပေါင်း ၆၇၀၀ ကျော်ရှိခဲ့ကြောင်း သိရသည်။ ယခုတိုင်လည်း နိုင်ငံ့ဝန်ထမ်းများနှင့် သာမန်အရပ်သားပြည်သူများသည် အကြမ်းဖက်မှုအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့နေကြရဆဲဖြစ်သည်။

NUG နှင့် PDF တို့၏ အကြမ်းဖက်လုပ်ရပ်များနှင့်ပတ်သက်၍ ကမ္ဘာကြီးသည် နှစ်နှစ်ကျော် သုံးနှစ်နီးပါး နှုတ်ပိတ်ရေငုံ တုံဏှိဘာဝေ လုပ်နေခဲ့ကြပါသည်။ သို့ရာတွင် ယခုအခါ မြန်မာ့ဒီမိုကရေစီအရေးအတွက် ထောက်ခံအားပေးနေသည်ဆိုသည့် အမေရိကန်နိုင်ငံကြီးသည်ပင်လျှင် ပြီးခဲ့သည့် နိုဝင်ဘာ ၃၀ ရက် ညပိုင်းတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက “၂၀၂၂ ခုနှစ်အတွက် နိုင်ငံအလိုက်အကြမ်းဖက်မှုဆိုင်ရာ အစီရင်ခံစာ (Country Reports on Terrorism 2022)” ၌ စာရင်းဇယားများနှင့်တကွ ထုတ်ပြန်ဖော်ပြလာသည်။

ယင်းအစီရင်ခံစာအတွက် ကိုးကားထားသော “Annex of Statistical Information” ခေါင်းစဉ်ပါ စာရင်းဇယားအချက်အလက်များတွင် မြန်မာနိုင်ငံနှင့် စပ်လျဉ်း၍ ထူးခြားချက်အဖြစ် “၂၀၂၂ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုဖြစ်စဉ်များအနက် ၁၉၈ မှု(ဖြစ်စဉ်အားလုံး၏ ၅၀ ရာခိုင်နှုန်း)ကို အဓိက ကျူးလွန်သူသည် PDF အကြမ်းဖက်အဖွဲ့ဖြစ်သည်”ဟူ၍ ဖော်ပြထားသည်။

အဆိုပါကိုးကားထားသော “Annex of Statistical Information” တွင် “Geographic Trends of Terrorism” ခေါင်းစဉ်အောက်၌ နိုင်ငံအလိုက် စာရင်းဇယားအချက်အလက်များကို ဖော်ပြထားရာ မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ ၂၀၂၂ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်မှု ၃၉၁ မှုရှိခဲ့ပြီး သေဆုံးသူ ၂၁၃၀ ရှိကြောင်းနှင့် ၂၀၂၁ ခုနှစ်နှင့် နှိုင်းယှဉ်ပါက အကြမ်းဖက်မှုဖြစ်စဉ်များတွင် ၁၀ ရာခိုင်နှုန်းနှင့်သေဆုံးမှုတွင် ၅၀ ရာခိုင်နှုန်းတိုးမြင့်လာခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

## အကြမ်းဖက်မှုဖြစ်စဉ်များ

ဆက်လက်၍ ၂၀၂၂ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုဖြစ်စဉ်များအနက် ၁၉၈ မှု (ဖြစ်စဉ်အားလုံး၏ ၅၀ ရာခိုင်နှုန်း)ကို ပြည်သူကာကွယ်ရေးတပ်ဖွဲ့ (PDF) က အဓိက ကျူးလွန်ခဲ့ပြီး ချင်းပြည်ကာကွယ်ရေးတပ်ဖွဲ့ (CDF) က အကြမ်းဖက်မှု ၂၉ မှု (ခုနစ်ရာခိုင်နှုန်း)၊ ကရင်နီတိုင်းရင်းသားများကာကွယ်ရေးတပ်ဖွဲ့ (KNDF) က အကြမ်းဖက်မှု ၂၇ မှု(ခုနစ်ရာခိုင်နှုန်း)ကျူးလွန်ခဲ့ပြီး မည်သည့်အဖွဲ့က ကျူးလွန်ကြောင်း တိကျစွာ မသိရှိရသည့် အကြမ်းဖက်မှု (၁၄ ရာခိုင်နှုန်း) ရှိကြောင်း ဖော်ပြခဲ့သည်။

မြန်မာနိုင်ငံ၌ အများဆုံးတွေ့ရှိရသည့် အကြမ်းဖက်မှုအမျိုးအစားများမှာ ပစ်ခတ်မှု ၃၈ ရာခိုင်နှုန်း၊ မြေမြှုပ်မိုင်း သို့မဟုတ် Improvised explosive device (IED) ၂၁ ရာခိုင်နှုန်းနှင့် ဗုံးခွဲမှု ၁၉ ရာခိုင်နှုန်းတို့ဖြစ်ပြီး မြန်မာနိုင်ငံ၌ အကြမ်းဖက်မှု အများဆုံး ဖြစ်ပွားရာ ဒေသများအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့ကို ဖော်ပြထားကာ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၁၀၇ မှု (၂၇ ရာခိုင်နှုန်း)၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၄၂ မှု (၁၁ ရာခိုင်နှုန်း) နှင့် ကချင်ပြည်နယ်တွင် ၃၆ မှု (ကိုးရာခိုင်နှုန်း) ဖြစ်ကြောင်း ထုတ်ပြန်ဖော်ပြခဲ့သည်။

*စာမျက်နှာ ၁၁ သို့*

# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် လူငယ်များ အဓိကစွမ်းအားအဖြစ်ပါဝင်နိုင်ရေး၊ ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရေး၊ လူငယ်များကဏ္ဍ တိုးမြှင့်ဆောင်ရွက်ပေးရေး ရည်ရွယ်ကျင်းပသော (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးသိပ္ပံ (ပျဉ်းမနား) တို့မှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက လူငယ်မောင်မယ်များအနေဖြင့် စာကောင်းပေမွန်များကို ဖတ်ရှုလေ့လာသည့် အလေ့အထကောင်းနှင့် မိမိတို့တစ်ဦးချင်း၏ ဗဟုသုတအသိအလိမ္မာ ဉာဏ်ပညာပြည့်ဝရေးကြိုးပမ်းကြပြီး နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုတို့အပေါ် နည်းလမ်းပေါင်းစုံဖြင့် လွှမ်းမိုးရန် ကြိုးပမ်းနေကြသည့် အဖျက်အမှောင့်ဘေးအန္တရာယ်များကို တွန်းလှန်ဖယ်ရှားရေး၊ အမျိုးဘာသာသာသနာ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရေးနှင့် တည်ဆဲဥပဒေများနှင့်အညီ ကျင့်ကြံနေထိုင်ရေးတို့နှင့်စပ်လျဉ်း၍ တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီအတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် စာရေးဆရာမ သက်သက်နွယ် (ရန်ကုန်တက္ကသိုလ်) က မြန်မာ့လွတ်လပ်ရေးရယူပေးနိုင်သည့် လူငယ်တို့၏ မျိုးချစ်စိတ်ဓာတ်ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးသည်။

ယင်းနောက် (၇၆)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဗဟုသုတဉာဏ်စမ်းမေးခွန်းများ မေးမြန်းဖြေဆိုကြကာ ဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်ပြီး မြန်မာနိုင်ငံလူငယ်ရေးရာဌာနမှ ကိုယ်လက်ကျန်းမာကြံ့ခိုင်ရေး သရုပ်ပြဖျော်ဖြေကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးများက စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးသိပ္ပံ(ပျဉ်းမနား)တို့မှ ကျောင်းသား ကျောင်းသူများအား အားကစားပစ္စည်းများနှင့် ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ပေးအပ်ကြပြီး စိုက်ပျိုးရေးတက္ကသိုလ်ပါမောက္ခချုပ်က ကျေးဇူးတင်စကားပြောကြားသည်။

**သတင်းစဉ်**

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော် အားကစားနည်းအလိုက်ပြိုင်ပွဲများနှင့် ဆုပေးပွဲများကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာ ကျောင်းသားအားကစားပွဲတော် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ ယနေ့မွန်းလွဲ ၃ နာရီတွင် ယှဉ်ပြိုင်ကစားကြရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အုပ်ချုပ်သူများ၊ နည်းပြများနှင့် ကျောင်းသား ကျောင်းသူ အားကစားမောင်မယ်များ တက်ရောက်၍ ကြည့်ရှုအားပေးကြသည်။

ယနေ့ကျင်းပသည့် ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် အခြေခံပညာ ကျောင်းသား အားကစားပွဲတော် အမျိုးသမီးဘောလုံးပြိုင်ပွဲဗိုလ်လုပွဲတွင် ကရင်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

အလားတူ တတိယနေရာလုပွဲကို ယနေ့နံနက်တွင် လယ်ဝေးအားကစားလေ့ကျင့်ရေးစခန်း၌ ကျင်းပရာ ရောဝတီတိုင်းဒေသကြီးက မကွေးတိုင်းဒေသကြီးအသင်းကို သုံးဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ နေရာအလိုက် တစ်ဦးချင်း အကောင်းဆုံးဆု ရရှိသူများကို ကျောင်းသားအားကစားပွဲတော် ကျင်းပရေးလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်က လည်းကောင်း၊ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် တတိယဆုရရှိသည့် ရောဝတီတိုင်းဒေသကြီးအသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ အထိမ်းအမှတ်တံဆိပ်နှင့် ငွေသားဆုများကိုကျောင်းသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းကလည်းကောင်း၊ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ အထိမ်းအမှတ်တံဆိပ်နှင့် ငွေသားဆုများကို ကျောင်းသားအားကစားပွဲတော်ကျင်းပရေး ဦးစီးကော်မတီနာယက ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က လည်းကောင်း၊ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကရင်ပြည်နယ် အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ အထိမ်းအမှတ်တံဆိပ်၊ ငွေသားဆုများနှင့် တံခွန်စိုက်ဒိုင်းဆုဖလားကို ကျောင်းသားအားကစားပွဲတော်ကျင်းပရေး ဦးစီးကော်မတီနာယက ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။(ယာပုံ)



အလားတူ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းသား အားကစားပွဲတော် ဘော်လီဘော (အမျိုးသား၊ အမျိုးသမီး) တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲစဉ်များကို ယနေ့ နံနက်ပိုင်းမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်း (A)ရုံ၌လည်းကောင်း၊ ဘတ်စကက်ဘောပြိုင်ပွဲ (အမျိုးသား၊ အမျိုးသမီး) ဆီမီးဖိုင်နယ်နှင့် တတိယနေရာလုပွဲ၊ ဗိုလ်လုပွဲစဉ်များကို (င)ရုံ၌လည်းကောင်း ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

အမျိုးသမီးဘတ်စကက်ဘောပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးအသင်းက ပထမ၊ ပဲခူးတိုင်းဒေသကြီးအသင်းက ဒုတိယ၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက တတိယရရှိကြပြီး အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးက ပထမ၊ ရှမ်းပြည်နယ်က ဒုတိယ၊ ပဲခူးတိုင်းဒေသကြီးကတတိယရရှိကြသည်။

အမျိုးသမီး ဘော်လီဘော တတိယနေရာလုပွဲတွင် မကွေးတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ဗိုလ်လုပွဲတွင် တနင်္သာရီတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို သုံးပွဲ တစ်ပွဲဖြင့် အနိုင်ရရှိခဲ့ပြီး အမျိုးသားဘော်လီဘောတတိယနေရာလုပွဲတွင် ရှမ်းပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့်အနိုင်ရရှိပြီး ဗိုလ်လုပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို သုံးပွဲ တစ်ပွဲဖြင့် အနိုင်ရရှိကြကာ ပထမဆုကို ဆွတ်ခူးရရှိခဲ့သည်။

ပြိုင်ပွဲအပြီးတွင် ဆုပေးပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ကျောင်းသားအားကစားပွဲတော် ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ ကျောင်းသားအားကစားပွဲတော် ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်တို့က ဆုများ ပေးအပ်ချီးမြှင့်ရာ ဆုရရှိသည့် အားကစားမောင်မယ်များက လက်ခံရယူကြသည်။

ဒီဇင်ဘာ ၁၅ ရက်တွင် အမျိုးသားဘောလုံး တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဌာနသည် ယခုအစီရင်ခံစာမှစတင်၍ PDF များ၏ အကြမ်းဖက်မှုများအား ဖော်ပြခဲ့ခြင်းဖြစ်ရာ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တထိတ်ထိတ်တလန့်လန့် ကျီးလန့်စာစား ဖြစ်နေကြရသည့် သာမန်အရပ်သားပြည်သူများနှင့် ငြိမ်းချမ်းရေးကို လိုလားပြီး အေးချမ်းစွာနေထိုင်လိုကြသည့် မြန်မာပြည်သူ လူထုကြီးအတွက် သတင်းကောင်းတစ်ရပ်ဖြစ်ခဲ့သည်။

ထိုနည်းတူ ကျည်ကွယ်မျက်ကွယ်ဘေးလွတ်ရာ ပြည်ပနိုင်ငံများတွင် နေထိုင်ပြီး မိမိတို့အာဏာပြန်လည်ရရှိရေးအတွက် လူငယ်များကိုအသုံးချ၍ အကြမ်းဖက်လမ်းစဉ် လမ်းမှားသို့ တွန်းပို့ခိုင်းစေခဲ့သော နိုင်ငံရေးသမားအမည်ခံ ကိုယ်ကျိုးရှာငို့ဘအစွန်းရောက်ဝါဒီများအတွက်လည်း အချက်ပေးသံချောင်းခေါက်သံတစ်ရပ် ဖြစ်လာသည်။

ကမ္ဘာပေါ်ရှိ အကြမ်းဖက်မှုဖြစ်စဉ်များကို လေ့လာကြည့်လျှင် အကြမ်းဖက်အဖွဲ့များသည် နိုင်ငံရေး၊ သဘောတရားရေး၊ ဘာသာရေး၊ လူမျိုးရေးရည်မှန်းချက်များ အလို့ငှာ အကြမ်းဖက်နည်းလမ်းများကိုအသုံးပြုရာတွင် ပြည်သူလူထုကို ကြောက်လန့်စေရန်၊ ချောက်ချားလာစေရန် ဖန်တီးလုပ်ဆောင်လေ့ရှိကြသည်။

ထို့ကြောင့် ကုလသမဂ္ဂက လုံခြုံရေးကောင်စီ Resolution ၁၅၆၆ တွင် နိုင်ငံရေးအရ၊ သဘောတရားအရ ရည်ရွယ်ပြီး သာမန်လူထုကိုဖြစ်စေ၊ အုပ်စုတစ်ခုကိုဖြစ်စေ တမင်သက်သက်ထိခိုက်ဒဏ်ရာရရှိအောင်၊ သေဆုံးအောင်၊ သို့မဟုတ် ပြန်ပေးဆွဲခြင်း စသည့်ရာဇဝတ်မှုထိုက်သင့်သည့် လုပ်ရပ်များကို Terrorism ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည်။

သို့ရာတွင် အကြမ်းဖက်ဝါဒီများသည် အကြမ်းဖက်မှုများကို လုပ်ဆောင်ရာတွင် ရိုးသားသော၊ မသိနားမလည်သော လူငယ်များကို သွေးထိုးလှုံ့ဆော်၊ မြှောက်ပင့်၍ လည်းကောင်း၊ အမုန်းတရားများ ရိုက်သွင်း၍လည်းကောင်း စေခိုင်းလေ့ရှိသည်။ အယ်လ်ကေဒါ၊ ဟားမားစ်၊ တာလီဘန်နှင့် တစ်ချိန်က သီရိလင်္ကာမှ ဘလက်တိုက်ဂါး အကြမ်းဖက်အဖွဲ့များဆိုလျှင် အကြမ်းဖက်မှုများကို လုပ်ဆောင်ရာ၌ လူငယ်များသာမက ကလေးသူငယ်များနှင့် အမျိုးသမီးများကိုပါ အသေခံဗုံးခွဲသူများအဖြစ် အသုံးချခဲ့ကြသည်။

သို့ဖြင့် မသိနားမလည်မှုကြောင့် လမ်းမှားပေါ်သို့ ရောက်ရှိနေကြသော အချို့သော မြန်မာလူငယ်များအနေဖြင့်လည်း အမြင်မှန်ရပြီး ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခဲ့ကြသည့် လူငယ်များနည်းတူ အကြမ်းဖက်မှုဝဲဂယက်အတွင်းမှ ရုန်းထွက်ချိန်တန်ပါပြီ။ ။

# လောင်းကစားဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပြည်ထဲရေးဝန်ကြီးဌာန**
**အမိန့်ကြော်ငြာစာအမှတ် ( ၇၆၀ /၂၀၂၃ )**
**၁၃၈၅ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်**
**( ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက် )**

ပြည်ထဲရေးဝန်ကြီးဌာနသည် လောင်းကစားဥပဒေပုဒ်မ ၂၇၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ အောက်ပါလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

## အခန်း(၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤလုပ်ထုံးလုပ်နည်းများကို **လောင်းကစားဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ** ဟု ခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းများတွင်ပါရှိသော စကားရပ်များသည် လောင်းကစားဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဥပဒေ** ဆိုသည်မှာ လောင်းကစားဥပဒေကို ဆိုသည်။

( ခ ) **ဝရမ်း** ဆိုသည်မှာ လောင်းကစားအိမ် သို့မဟုတ် ကာစီနို (Casino) သို့ ဝင်ရောက်ရှာဖွေ ဖမ်းဆီးရန် ဥပဒေနှင့်အညီ ထုတ်ပေးသည့် ဝရမ်းကိုဆိုသည်။

( ဂ ) **အစီရင်ခံစာ** ဆိုသည်မှာ လောင်းကစားဖမ်းဆီးခြင်းနှင့် စပ်လျဉ်း၍ ဤလုပ်ထုံးလုပ်နည်းများအရ သတ်မှတ်ထားသည့် အစီရင်ခံစာပုံစံကို ဆိုသည်။

(ဃ) **မြို့နယ်ရဲတပ်ဖွဲ့မှူးအား တိုက်ရိုက်ကြီးကြပ်ကွပ်ကဲသော ရဲအရာရှိ** ဆိုသည်မှာ မြို့နယ်ရဲတပ်ဖွဲ့မှူးအား တိုက်ရိုက်ကြီးကြပ်ကွပ်ကဲသည့် ခရိုင်ရဲတပ်ဖွဲ့မှူး၊ ဒုတိယတိုင်းဒေသကြီး သို့မဟုတ် ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ နေပြည်တော်ရဲတပ်ဖွဲ့မှူး သို့မဟုတ် ဒုတိယနေပြည်တော်ရဲတပ်ဖွဲ့မှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ဌာနကြီးမှူး (မှုခင်းနှင့် ဥပဒေရေးရာ ဌာနကြီး)၊ ဒုတိယရဲချုပ်နှင့် ရဲချုပ်ကို ဆိုသည်။ ယင်းစကားရပ်များတွင် အဆိုပါရာထူးတာဝန်များကို ထမ်းဆောင်နေသည့် မည်သည့်ရဲအရာရှိမဆို ပါဝင်သည်။

( င ) **ပုံစံ** ဆိုသည်မှာ ဤလုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်ထားသည့် ပုံစံကို ဆိုသည်။

## အခန်း(၂)
## အများပြည်သူနှင့်ဆိုင်သောနေရာတွင် လောင်းကစားခြင်းကို ဝရမ်းမပါဘဲ ဖမ်းဆီးခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရန်နည်းလမ်းများ

၃။ အများပြည်သူနှင့်ဆိုင်သောနေရာတွင် လောင်းကစားခြင်းနှင့် လောင်းကစားခြင်း၌ ပါဝင်သူများကို မြို့နယ်အုပ်ချုပ်ရေးမှူး သို့မဟုတ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး သို့မဟုတ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တစ်ဦးဦးသည် ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သည်။

၄။ အပိုဒ် ၃ အရ ဖမ်းဆီးရာတွင် ဖမ်းဆီးသူသည်-

(က) ကိုယ်တိုင်ဖမ်းဆီးနိုင်သည်။

( ခ ) လိုအပ်သော အကူအညီများရယူပြီး သင့်လျော်သော နည်းလမ်းဖြင့် ဖမ်းဆီးနိုင်သည်။

( ဂ ) ဖမ်းဆီးရာတွင် လိုအပ်သောအင်အားကို အသုံးပြုနိုင်သည်။

၅။ (က) အပိုဒ် ၄ အရ ဖမ်းဆီးသူသည်-

(၁) ဖမ်းဆီးရမိသူများ၏ အမည်စာရင်းကို ရယူပြီး သက်သေနှစ်ဦးရှေ့တွင် ရှာဖွေ၍ တွေ့ရှိသည့် သက်သေခံပစ္စည်းများကို ရှာဖွေပုံစံ (ပုံစံ-ခ) ဖြင့် သိမ်းဆည်းပြီး ဖမ်းဆီးရမိသူများကို ဥပဒေအရ အမှုဖွင့်အရေးယူရန် သက်သေခံပစ္စည်းများ၊ တိုင်စာနှင့်အတူ သက်ဆိုင်ရာရဲစခန်းသို့ ချက်ချင်း အပ်နှံရမည်။ သို့ရာတွင် သယ်ယူရန်ခက်ခဲသော သက်သေခံပစ္စည်းများကို ပိုင်ရှင်အား ယာယီ ပြန်လည်အပ်နှံခြင်း ကတိခံဝန်ချုပ် (ပုံစံ-ဃ) ဖြင့် ပေးအပ်ထားနိုင်သည်။

(၂) မြို့နယ်အုပ်ချုပ်ရေးမှူးဖြစ်ပါက ခရိုင်အုပ်ချုပ်ရေးမှူးထံသို့လည်းကောင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဖြစ်ပါက မြို့နယ်အုပ်ချုပ်ရေးမှူးထံသို့လည်းကောင်း၊ စခန်းမှူးဖြစ်ပါက မြို့နယ်ရဲတပ်ဖွဲ့မှူး ထံသို့လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးဖြစ်ပါက ခရိုင်ရဲတပ်ဖွဲ့မှူးထံသို့ လည်းကောင်း၊ ကျန်ဖမ်းဆီးခွင့်ရှိသူများဖြစ်ပါက မိမိအား ကြီးကြပ်ကွပ်ကဲအုပ်ချုပ်သည့် အထက်အရာရှိထံသို့လည်းကောင်း ပထမသတင်းပေးတိုင်ချက်ရေးဖွင့်ပြီး ၂၄ နာရီအတွင်း အစီရင်ခံ တင်ပြရမည်။

( ခ ) အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ် (၁) အရ အပ်နှံခြင်းကို လက်ခံရရှိသည့် ရဲစခန်းသည် ပထမသတင်းပေးတိုင်ချက် ရေးဖွင့်၍ ဆက်လက်ဆောင်ရွက်ရမည်။

## အခန်း (၃)
## လောင်းကစားအိမ်သို့ ကိုယ်တိုင်ဝင်ရောက်ရှာဖွေ ဖမ်းဆီးရာတွင် ဆောင်ရွက်ရန် နည်းလမ်းများ

၆။ လောင်းကစားအိမ်သို့ ကိုယ်တိုင်ဝင်ရောက် ရှာဖွေဖမ်းဆီးခွင့်ရှိသော မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ရဲစခန်းမှူး သို့မဟုတ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် သက်ဆိုင်ရာနယ်မြေအတွင်း လောင်းကစားအိမ်တွင် လောင်းကစားနေကြောင်း ကိုယ်တိုင်သိရှိလျှင်ဖြစ်စေ၊ အခြားသူတစ်ဦးဦးက သတင်းပေးခြင်းကြောင့် သိရှိလျှင်ဖြစ်စေ လောင်းကစားသတင်းပေးမှတ်တမ်း (ပုံစံ-င) တွင် အောက်ပါအချက်များကို ဖော်ပြ၍ ရေးမှတ်ထားရမည်-

(က) လောင်းကစားအိမ် တည်ရာ နေရပ်လိပ်စာ၊

( ခ ) လောင်းကစားအိမ်ရှင် (နေထိုင်သူ) အမည်၊

( ဂ ) ရေးမှတ်သည့် နေ့ရက်နှင့် အချိန်နာရီ၊

(ဃ) သတင်းနှင့် ယုံကြည်လောက်သော အကြောင်းအချက်။

၇။ အပိုဒ် ၆ အရ ဆောင်ရွက်သူသည် သတင်းပေးသူ၏ အမည်နှင့် နေရပ်လိပ်စာကို လိုအပ်မှသာ အစီရင်ခံ တင်ပြရမည်။

၈။ အပိုဒ် ၆ အရ ရေးမှတ်သော လောင်းကစားသတင်းပေးမှတ်တမ်း (ပုံစံ-င) ကို လိုအပ်ပါက သက်ဆိုင်ရာတရားရုံးသို့ သက်သေခံအဖြစ် တင်သွင်းနိုင်ရန် လုံခြုံစွာထိန်းသိမ်းထားရှိရမည်။

၉။ အပိုဒ် ၆ အရ လောင်းကစားသတင်းပေးမှတ်တမ်း (ပုံစံ-င) တွင် ရေးမှတ်ပြီးနောက် ၂၄ နာရီအတွင်း လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးရမည်။ ထိုသို့ ဖမ်းဆီးရာတွင်-

(က) မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး သို့မဟုတ် ရဲစခန်းမှူးဖြစ်ပါက ကိုယ်တိုင် ဦးစီး၍ ဖမ်းဆီးနိုင်သည်။

( ခ ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဖြစ်ပါက ကိုယ်တိုင်ဦးစီး၍ ကျေးရွာတာဝန်ခံ သို့မဟုတ် ရာအိမ်မှူး သို့မဟုတ် ဆယ်အိမ်မှူး တစ်ဦးဦးအပါအဝင် အနည်းဆုံး နှစ်ဦးပါဝင်လျက် အဖွဲ့ဖြင့်ဖမ်းဆီးနိုင်သည်။ လိုအပ်ပါက ရဲတပ်ဖွဲ့ဝင် အကူအညီကို ရယူနိုင်သည်။

( ဂ ) ဖမ်းဆီးရမိခြင်းမရှိပါက မိမိ၏အထက်ဌာနသို့ ဆောလျင်စွာ တင်ပြရမည်။

၁၀။ အပိုဒ် ၉ အရ ဖမ်းဆီးရာတွင် ဖမ်းဆီးသူသည်-

(က) ရှာဖွေပုံစံ ပါရှိရမည်။

( ခ ) သက်သေ အနည်းဆုံးနှစ်ဦး ပါရှိရမည်။

( ဂ ) လုံလောက်သည့် အင်အားကို အသုံးပြုနိုင်သည်။

(ဃ) လောင်းကစားအိမ်အတွင်းသို့ အလွယ်တကူ ဝင်ရောက်နိုင်ခြင်းမရှိပါက မည်သည့်နည်းဖြင့်မဆို ဝင်ရောက်ခွင့်ရှိသည်။

၁၁။ (က) အပိုဒ် ၁၀ အရ ဖမ်းဆီးသူသည်-

(၁) ဖမ်းဆီးရမိသူများ၏ အမည်စာရင်းကို ရယူပြီး သက်သေနှစ်ဦးရှေ့တွင် ရှာဖွေ၍ တွေ့ရှိသည့် သက်သေခံပစ္စည်းများကို ရှာဖွေပုံစံ (ပုံစံ-ခ) ဖြင့် သိမ်းဆည်းပြီး ဖမ်းဆီးရမိသူများကို ဥပဒေအရ အမှုဖွင့်အရေးယူရန် သက်သေခံပစ္စည်းများ၊ တိုင်စာနှင့်အတူ သက်ဆိုင်ရာရဲစခန်းသို့ ချက်ချင်း အပ်နှံရမည်။ သို့ရာတွင် သယ်ယူရန်ခက်ခဲသော သက်သေခံပစ္စည်းများကို ပိုင်ရှင်အား ယာယီ ပြန်လည်အပ်နှံခြင်း ကတိခံဝန်ချုပ် (ပုံစံ-ဃ) ဖြင့် ပေးအပ်ထားနိုင်သည်။

(၂) မြို့နယ်အုပ်ချုပ်ရေးမှူးဖြစ်ပါက ခရိုင်အုပ်ချုပ်ရေးမှူးထံသို့ လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးဖြစ်ပါက ခရိုင်ရဲတပ်ဖွဲ့မှူးထံသို့လည်းကောင်း၊ စခန်းမှူးဖြစ်ပါက မြို့နယ်ရဲတပ်ဖွဲ့မှူး ထံသို့လည်းကောင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဖြစ်ပါက မြို့နယ်အုပ်ချုပ်ရေးမှူးထံသို့လည်းကောင်း၊ ပထမသတင်းပေးတိုင်ချက်ရေးဖွင့်ပြီး ၂၄ နာရီအတွင်း အစီရင်ခံတင်ပြရမည်။

(ခ) အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၁) အရ အပ်နှံခြင်းကို လက်ခံရရှိသည့် ရဲစခန်းသည် ပထမသတင်းပေး တိုင်ချက်ရေးဖွင့်၍ ဆက်လက်ဆောင်ရွက်ရမည်။

## အခန်း (၄)
## ဝရမ်းထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရန်နည်းလမ်းများ

၁၂။ ဥပဒေအရ ဝရမ်းထုတ်ပေးခွင့်ရှိသူသည် လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးရန် ဝရမ်းထုတ်ပေးခြင်းမပြုမီ လောင်းကစားအိမ်နှင့်စပ်လျဉ်း၍ မိမိကိုယ်တိုင်သိရှိသည့် အချက်ကိုဖြစ်စေ၊ သတင်းပေးချက်ကိုဖြစ်စေ အပိုဒ် ၆ နှင့်အညီ ရေးမှတ်ပြီးနောက် အောက်ပါအချက်များပါဝင်သည့် လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးခွင့်ဝရမ်း (ပုံစံ-က) ကို ထုတ်ပေးရမည်-

(က) ဝင်ရောက်ရှာဖွေ ဖမ်းဆီးရမည့် လောင်းကစားအိမ် တည်ရာ နေရပ်လိပ်စာနှင့် အိမ်ရှင်တို့၏ အမည်၊

( ခ ) ဝရမ်း စတင်ထုတ်ပေးသည့် ရက်စွဲနှင့် ဝရမ်းသက်တမ်းကုန်ဆုံးသည့်ရက်စွဲ၊

**မှတ်ချက်**။ ထိုသို့ထုတ်ပေးသည့် ဝရမ်းသက်တမ်းသည် ဝရမ်းစတင်ထုတ်ပေးသည့်နေ့မှ ၁၄ ရက် ထက်ကျော်လွန်ခြင်း မရှိစေရ။

( ဂ ) ဝရမ်းထုတ်ပေးခွင့်ရှိသူ၏ လက်မှတ်နှင့် ရုံးတံဆိပ်။

၁၃။ ဝရမ်းထုတ်ပေးခွင့်ရှိသူက ဝရမ်းထုတ်ပေးရာတွင် သီးခြား မှတ်တမ်းစာအုပ်၌ ရေးသွင်းပြီး အဆိုပါမှတ်တမ်းစာအုပ်နှင့် စာရွက်စာတမ်းများကို လုံခြုံစွာထိန်းသိမ်းထားရမည်။

၁၄။ (က) ဝရမ်းနှင့်စပ်လျဉ်းပြီး တာဝန်ပေးအပ်ခြင်းခံရသူသည်-

(၁) လောင်းကစားခြင်းကို ဖမ်းဆီးရမိပါက လောင်းကစားဝရမ်းအတည်ဖြစ်ကြောင်း အစီရင်ခံစာ (ပုံစံ-ဂ) ဖြင့် ဝရမ်းထုတ်ပေးသူထံ တင်ပြရမည်။

(၂) လောင်းကစားခြင်းကို ဖမ်းဆီးရမိခြင်းမရှိပါက လောင်းကစားဝရမ်း အတည်မဖြစ်ကြောင်း အစီရင်ခံစာ [ပုံစံ-ဂ(၁)] ဖြင့် ဝရမ်းထုတ်ပေးသူထံ တင်ပြရမည်။

( ခ ) အပိုဒ်ခွဲ(က) အရ ပြန်လည်တင်ပြသည့် အစီရင်ခံစာကို ရရှိလျှင် ဝရမ်းထုတ်ပေးသူသည် အမှုတွဲတွင် ပူးတွဲထားရမည်။

၁၅။ အပိုဒ် ၁၄ အရ လောင်းကစားဝရမ်းအတည်ဖြစ်ကြောင်း အစီရင်ခံစာ (ပုံစံ-ဂ) ကို လက်ခံရရှိပါက အပိုဒ် ၁၂ အရ ဝရမ်းထုတ်ပေးသူသည်-

(က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဖြစ်လျှင် မြို့နယ်အုပ်ချုပ်ရေးမှူးထံသို့ လည်းကောင်း၊ မြို့နယ် အုပ်ချုပ်ရေးမှူးဖြစ်လျှင် ခရိုင်အုပ်ချုပ်ရေးမှူး ထံသို့ လည်းကောင်း ၂၄ နာရီအတွင်း အစီရင်ခံတင်ပြရမည်။

( ခ ) မြို့နယ်ရဲတပ်ဖွဲ့မှူးဖြစ်လျှင် ခရိုင်ရဲတပ်ဖွဲ့မှူးထံသို့ လည်းကောင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဖြစ်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ နေပြည်တော် ရဲတပ်ဖွဲ့မှူးထံသို့လည်းကောင်း၊ ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး သို့မဟုတ် ဒုတိယပြည်နယ် ရဲတပ်ဖွဲ့မှူး သို့မဟုတ် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ နေပြည်တော် ရဲတပ်ဖွဲ့မှူး သို့မဟုတ် ဒုတိယနေပြည်တော်ရဲတပ်ဖွဲ့မှူး ဖြစ်လျှင် ရဲချုပ်ထံသို့လည်းကောင်း ၂၄ နာရီအတွင်း အစီရင်ခံတင်ပြရမည်။

( ဂ ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ဌာနကြီးမှူး (မှုခင်းနှင့် ဥပဒေရေးရာဌာနကြီး) သို့မဟုတ် ဒုတိယရဲချုပ်ဖြစ်လျှင် ရဲချုပ်ထံ တင်ပြရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

## လူသားချင်းစာနာထောက်ထားမှုအခြေအနေဆိုးရွားနေသည့် ဂါဇာကမ်းမြောင်တွင် ကူးစက်ရောဂါ ကြောက်ခမန်းလိလိထပ်မံဖြစ်ပွား

**ဂါဇာ ဒီဇင်ဘာ ၁၄**

ဂါဇာကမ်းမြောင်ဒေသ ကျန်းမာရေးအာဏာပိုင်များက ကူးစက်ရောဂါခံစားနေရသူ အရေအတွက်မြင့်တက်လာသည့်အပေါ် သတိပေးထားသည်။

ဂါဇာကမ်းမြောင်ဒေသတစ်လျှောက် ကူးစက်ရောဂါ အတည်ပြုလူနာအရေအတွက် ၃၂၀၀၀၀ ထက် ကျော်လွန်လာကြောင်း ဒီဇင်ဘာ ၁၃ ရက်တွင် ကျန်းမာရေးအာဏာပိုင်များက ပြောကြားလိုက်သည်။

အောက်တိုဘာလလယ်မှစကာ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါဖြစ်ပွားသူ ၁၂၉၂၃၀ နှင့် ကူးစက်ရောဂါအတည်ပြုလူနာ ၉၄၈၅၈ ဦးရှိကြောင်း အစီရင်ခံဖော်ပြခဲ့သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို) က ဒီဇင်ဘာ ၇ ရက်က ပြောကြားခဲ့သည်။

ရောဂါကူးစက်ဖြစ်ပွားခြင်းသည် လူဦးရေထူထပ်သောစခန်းများရှိ ရေဆိုးစနစ် ညံ့ဖျင်းသောကြောင့် ဖြစ်ကြောင်းနှင့် ဂါဇာကမ်းမြောင်ဒေသတွင် မိုးရာသီ စတင်ဝင်ရောက်လာပြီဖြစ်သောကြောင့် ယခုထက် ပိုမိုရောဂါကူးစက်ပြန့်ပွားမည်ကို စိုးရိမ်လျက်ရှိသည်။

ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေးရုံးက ကူးစက်ရောဂါကူးစက်ပျံ့နှံ့ခြင်းက လက်ရှိဖြစ်ပေါ်နေသော ကျန်းမာရေးစနစ်အပေါ် ဝန်ပိုပိပြီး ဆိုးသည်ထက်ဆိုးစေမည်ဖြစ်ကြောင်းနှင့် သေဆုံးသူများနိုင်သည့်အန္တရာယ်နှင့် ရင်ဆိုင်ရနိုင်ကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**



## တစ်ကမ္ဘာလုံးဆိုင်ရာ ဒုက္ခသည်များဖိုရမ်ကို ဆွစ်ဇာလန်နိုင်ငံ၌ ဖွင့်လှစ်

**ဂျီနီဗာ ဒီဇင်ဘာ ၁၄**

တစ်ကမ္ဘာလုံးဆိုင်ရာ ဒုက္ခသည်များ ဖိုရမ်ကို ဆွစ်ဇာလန်နိုင်ငံတွင်ဖွင့်လှစ်ခဲ့ပြီး ဒုက္ခသည်များနှင့်ပြည်တွင်း၌ ရွှေ့ပြောင်းနေထိုင်ရသူများ တိုးပွားလာသည့်အပေါ် အပြည်ပြည်ဆိုင်ရာမှ စုစည်းညီညွတ်စွာဖြင့် အကူအညီပေးကြရန် တောင်းခံခဲ့သည်။

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ ဦးဆောင်၍ အဆိုပါဖိုရမ်ကို ကျင်းပခဲ့ခြင်းဖြစ်သည်။ ဂျီနီဗာမြို့တွင် ဒီဇင်ဘာ ၁၃ ရက်က ကျင်းပခဲ့သည့် အဆိုပါဖိုရမ်တွင် တစ်ကမ္ဘာလုံးအနှံ့ လူဦးရေ ၁၁၄ သန်းမှာ ၎င်းတို့၏နေအိမ်များကို စွန့်ခွာရန် ဖိအားပေးခံနေရပြီး ရလဒ်အနေဖြင့် အဆိုပါလူများ၏ အိပ်မက်များ၊ မျှော်လင့်ချက်များ ပျက်သုဉ်းရသည်ဟု ဖော်ပြထားသည်။

သုံးရက်ကြာ ကျင်းပမည့် အဆိုပါဖိုရမ်တွင် လူပေါင်း ၄၀၀၀ ခန့် ပါဝင်ခဲ့သည်။ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အင်န်ဂျီအိုများနှင့် ဒုက္ခသည်များ ကိုယ်တိုင်ပင် အဆိုပါဖိုရမ်၌ ပါဝင်ခဲ့ကြသည်ဟု သိရသည်။ တစ်ကမ္ဘာလုံးအနှံ့ ဒုက္ခသည်များနှင့် ပြည်တွင်း၌ပင် နေရပ်စွန့်ခွာနေရသူဦးရေမှာ သန်း ၁၁၀ အထိရှိလာပြီဟု သိရသည်။

**အင်န်အိတ်ချ်ကေ**



ပေ့စ်ဟုအမည်ပေးထားသော ပင်လယ်သမုဒ္ဒရာများနှင့် တိမ်တိုက်များကို စူးစမ်းလေ့လာရန် ကမ္ဘာ့စူးစမ်း လေ့လာရေးခရီးစဉ်အသစ်(မစ်ရှင်)။

## နာဆာသည် ပင်လယ်သမုဒ္ဒရာများနှင့် တိမ်တိုက်များကို စူးစမ်းလေ့လာရန် မစ်ရှင်တစ်ခု မကြာမီစတင်သွားမည်

**ဝါရှင်တန် ဒီဇင်ဘာ ၁၄**

နာဆာ (အမေရိကန်အမျိုးသားအာကာသနှင့် လေကြောင်းဦးစီးဌာန) သည် ပင်လယ်သမုဒ္ဒရာများနှင့် တိမ်တိုက်များကို စူးစမ်းလေ့လာရန် ကမ္ဘာ့စူးစမ်းလေ့လာရေးခရီးစဉ်အသစ် (မစ်ရှင်) တစ်ခုကို မကြာမီစတင်သွားမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၁၃ ရက်က ကြေညာလိုက်သည်။

**လွှင့်တင်သွားမည်**

ပေ့စ်ဟု အမည်ပေးထားသောယင်းမစ်ရှင်ကို ဖလော်ရီဒါရှိ ကိတ်ပ်ကာနာဗီရယ် အာကာသစခန်းရှိ စပေ့စ်လန့်ချ်ကွန်ပလက်အိတ်စ် ၄၀ မှ ဂြိုဟ်ပတ်လမ်းထဲသို့ ဖေဖော်ဝါရီ ၆ ရက်ထက် နောက်မကျစေဘဲ လွှတ်တင်သွားမည်ဖြစ်သည်။

ပေ့စ်မစ်ရှင်သစ်သည် နာဆာ၏ နှစ် ၂၀ ကြာ ကမ္ဘာ့သမုဒ္ဒရာဇီဝဗေဒ၊ လေဖိအားနှင့် တိမ်တိုက်ဆိုင်ရာ ဂြိုဟ်တုလေ့လာစူးစမ်းမှုမှတ်တမ်းများကို ဆက်လက် ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ကြောင်း နာဆာက ပြောသည်။

**ကူညီသွားမည်**

ကမ္ဘာ့စူးစမ်းလေ့လာရေးခရီးစဉ်မှ ပေးပို့သောအချက်အလက်များက နာဆာကို ပင်လယ်သမုဒ္ဒရာများနှင့် လေထုများက ကာဗွန်ဒိုင်အောက်ဆိုက်နှင့် မည်သို့ ပြောင်းလဲဖလှယ်သွားသလဲဆိုသည့်အချက်ကို နားလည်စေမည်ဖြစ်သလို ပင်လယ်သမုဒ္ဒရာ ကျန်းမာရေးအခြေအနေကိုလည်း စောင့်ကြည့်စစ်ဆေးရာတွင် ကူညီသွားမည်ဖြစ်သည်။

**ဆင်ဟွာ**

## တောင်ကိုရီးယားနိုင်ငံ၏ လူဦးရေသည် နှစ်ပေါင်း ၅၀ အတွင်း သိသိသာသာ ကျဆင်းသွားဖွယ်ရှိ

**ဆိုးလ် ဒီဇင်ဘာ ၁၄**

ကလေးမွေးဖွားမှုနှုန်း ကျဆင်းလာခြင်းနှင့် သက်ကြီးရွယ်အိုဦးရေတိုးလာခြင်းတို့ကြောင့် လာမည့်နှစ်ပေါင်း ၅၀ အတွင်း တောင်ကိုရီးယားနိုင်ငံ၏ လူဦးရေမှာ သိသိသာသာကျဆင်းသွားဖွယ်ရှိသည်ဟု စာရင်းအင်းရုံးမှ ဒီဇင်ဘာ ၁၄ ရက်တွင် ဖော်ပြထားသည်။

လူဦးရေစုစုပေါင်းမှာ ၂၀၂၂ ခုနှစ်တွင် ၅၁ ဒသမ ၆၇ သန်းမှ ၂၀၄၀ ပြည့်နှစ်တွင် ၅၀ ဒသမ ၀၆ သန်းအထိလည်းကောင်း၊ ၂၀၆၀ တွင် ၄၂ ဒသမ ၃၀ သန်းမှ ၂၀၇၂ ခုနှစ်တွင် ၃၆ ဒသမ ၂၂ သန်းအထိလည်းကောင်း ကျဆင်းမည်ဟု ခန့်မှန်းထားကြောင်း တောင်ကိုရီးယားနိုင်ငံ စာရင်းအင်းရုံး အချက်အလက်များအရ သိရသည်။ မွေးကင်းစကလေးအရေအတွက်မှာ ၂၀၂၂ ခုနှစ်တွင် ၂၅၀၀၀၀ မှ ၂၀၂၅ ခုနှစ်တွင် ၂၂၀၀၀၀ သို့လည်းကောင်း ၂၀၇၂ တွင် ၁၆၀၀၀၀ သို့လည်းကောင်း ကျဆင်းသွားမည်ဟု ခန့်မှန်းထားသည်။

ထိုစဉ် သေဆုံးသူဦးရေမှာလည်း ၂၀၂၂ ခုနှစ်တွင် ၃၇၀၀၀၀ မှ ၂၀၇၂ ခုနှစ်တွင် ၆၉၀၀၀၀ အထိ တိုးလာမည်ဟု ခန့်မှန်းထားသည်။ အသက် ၁၅ နှစ်မှ ၆၄ နှစ်အကြား အလုပ်လုပ်နိုင်သည့် လူဦးရေအချိုးမှာလည်း ၂၀၂၂ ခုနှစ်တွင် ၇၁ ဒသမ ၁ ရာခိုင်နှုန်းရှိရာမှ ၂၀၇၂ ခုနှစ်တွင် ၄၅ ဒသမ ၈ ရာခိုင်နှုန်းသို့ ကျဆင်းသွားနိုင်ကြောင်း ခန့်မှန်းထားသည်။

**ဆင်ဟွာ**

## အကူအညီများ ပိုမိုပေးအပ်နိုင်ရေးဆွေးနွေးရန် အမေရိကန်အမျိုးသားလုံခြုံရေးအကြံပေး အစ္စရေးသို့ သွားရောက်မည်

**ဝါရှင်တန် ဒီဇင်ဘာ ၁၄**

အမေရိကန်အမျိုးသားလုံခြုံရေးအကြံပေး ဂျိတ်ဆူလီဗန်သည် အစ္စရေးသို့ ဒီဇင်ဘာ ၁၄ ရက်နှင့် ၁၅ ရက် နှစ်ရက်ကြာသွားရောက်မည်ဟု အမေရိကန်အဆင့်မြင့်အရာရှိတစ်ဦးက ပြောသည်။




အမေရိကန်အမျိုးသားလုံခြုံရေးအကြံပေး ဂျိတ်ဆူလီဗန်။

ဂါဇာကမ်းမြောင်ဒေသနှင့် အစ္စရေးတို့တွင် နောက်ဆုံးဖြစ်ပေါ်လျက်ရှိသည့် တိုးတက်မှုအခြေအနေများကိုဆွေးနွေးရန်အတွက် အစ္စရေးခေါင်းဆောင်များနှင့် တွေ့ဆုံနိုင်ရေးသွားရောက်သည့် ခရီးစဉ်လည်းဖြစ်သည်။ အိမ်ဖြူတော်အမျိုးသားလုံခြုံရေးကောင်စီ ပြောရေးဆိုခွင့်ရှိသူ ဂျွန်ကာဘီက အဆိုပါကြေညာချက်ကို ဒီဇင်ဘာ ၁၃ ရက်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

ဂျိတ်ဆူလီဗန်သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ ပေးအပ်ခြင်းအပါအဝင် ဂါဇာနှင့် အစ္စရေးနယ်စပ် ကီရမ်ရှာလုံဖြတ်သန်းရေးဂိတ်ဖွင့်ပေးခြင်းတို့အတွက် ဆွေးနွေးသွားမည်ဖြစ်သည်ဟု ဂျွန်ကာဘီကပြောသည်။

ဂါဇာကမ်းမြောင်ဒေသသို့ ပေးပို့မည့် ထောက်ပံ့ရေးပစ္စည်းများကို လုံခြုံရေးအတွက်စစ်ဆေးခြင်းအားနယ်စပ်ဖြတ်သန်းရေးဂိတ်တွင် ဆောင်ရွက်လျက်ရှိသည်။ အစ္စရေးဝန်ကြီးချုပ် ဘင်န်ဂျမင်နေတန်ယာဟုကလည်း အပြုသဘောဆောင်သည့် မှတ်ချက်ပေးမှုများပြုလုပ်ခဲ့ပြီး ပေးပို့မှုများကိုအကောင်အထည်ဖော်နိုင်လိမ့်မည်ဟုလည်း ယူဆကြောင်းပြောသည်။

အစ္စရေးနှင့် ဟားမားစ်တို့၏ ပဋိပက္ခအတွင်း အရပ်သားသေဆုံးမှုတိုးလာစဉ် အစ္စရေးတပ်ဖွဲ့၏ စစ်ဆင်ရေးများကြောင့် အရပ်သားများသေကျေထိခိုက်မှု လျှော့ချနိုင်ရေးအတွက်လည်း ပိုမိုတိကျသည့်ကြိုးပမ်းအားထုတ်မှုများနှင့် အနာဂတ် အစီအစဉ်များကိုဆွေးနွေးသွားရန် အမေရိကန်အမျိုးသားလုံခြုံရေးအကြံပေး ဂျိတ်ဆူလီဗန်က မျှော်လင့်ထားသည်။

**အင်န်အိတ်ချ်ကေ**

# “မြန်မာဒစ်ဂျစ်တယ်နည်းပညာအရှိန်မြင့်မားရေးအတွက် တက္ကသိုလ်များနှင့် စွန့်ဦးတီထွင်လုပ်ငန်းရှင်များကို ဉာဏ်ရည်တုနည်းပညာ စွမ်းအားမြှင့်တင်အားကောင်းစေခြင်းဆိုင်ရာ University-Research -Industry (URI) ပူးပေါင်းဆောင်ရွက်မှုဖိုရမ်” ကျင်းပ





**ရန်ကုန် ဒီဇင်ဘာ ၁၄**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နှင့် မြန်မာနိုင်ငံဒစ်ဂျစ်တယ်စီးပွားရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းတို့ပူးပေါင်း၍ **“Unlocking the Power of AI Technology: Empowering Universities and Enterprises for Accelerating Digital Myanmar” URI Collaboration Forum** ကို ယနေ့တွင် ရန်ကုန်မြို့ရှိ UMFCCI ၌ ကျင်းပသည်။

အခမ်းအနားသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ UMFCCI နှင့် ညီနောင်အသင်းများမှ စီးပွားရေးလုပ်ငန်းရှင်များ၊ အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များမှ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

**ပူးပေါင်းဆောင်ရွက်မှုလိုအပ်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက Video Conference ဖြင့် အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ၏ စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်မြှင့်တင်နိုင်ရန်အတွက် ပညာရှင်များနှင့် စီးပွားရေးလုပ်ငန်းများအကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခြင်းသည် မရှိမဖြစ်လိုအပ်ကြောင်း၊ တက္ကသိုလ် – သုတေသနဌာန – စီးပွားရေးလုပ်ငန်းများ ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် တီထွင်ဖန်တီးမှု၊ နည်းပညာကျွမ်းကျင်မှုများကို စီးပွားဖြစ် ထုတ်လုပ်နိုင်သည်အထိ ဖြန့်ကြက်နိုင်ပြီး ပြည်တွင်းထုတ်လုပ်မှုစွမ်းအားများနှင့် ကုန်သွယ်မှုလုပ်ငန်းများကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးသောင်းတင်က မြန်မာနိုင်ငံဒစ်ဂျစ်တယ်စီးပွားရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်ဇေယျာလွင်တို့က နုတ်ခွန်းဆက်စကားပြောကြားကြသည်။

**ဆွေးနွေး**

ယင်းနောက် Speaker Session နှင့် Panel Discussion တို့တွင် သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန သတင်းအချက်အလက်နည်းပညာတက္ကသိုလ်တို့မှ ဘာသာရပ်ဆိုင်ရာ ပညာရှင်များ၊ Frontier Myanmar၊ AMI Myanmar၊ M Boss FinTech၊ Level One Company စသည့် ဒစ်ဂျစ်တယ်စီးပွားရေးဆိုင်ရာလုပ်ငန်းများမှ Managing Director များနှင့် CEO များက AI နည်းပညာ၊ အသိပညာပေးခြင်း၊ ဆိုင်ဘာလုံခြုံမှုကဏ္ဍနှင့် စွန့်ဦးတီထွင်လုပ်ငန်းများနှင့် စီးပွားရေးနယ်ပယ်တို့တွင် ဒစ်ဂျစ်တယ်အသုံးပြုမြှင့်တင်ခြင်းတို့နှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

အဆိုပါ **“မြန်မာဒစ်ဂျစ်တယ်နည်းပညာအရှိန်မြင့်မားရေးအတွက် တက္ကသိုလ်များနှင့် စွန့်ဦးတီထွင်လုပ်ငန်းရှင်များကို ဉာဏ်ရည်တုနည်းပညာစွမ်းအားမြှင့်တင် အားကောင်းစေခြင်းဆိုင်ရာ University–Research –Industry (URI) ပူးပေါင်းဆောင်ရွက်မှုဖိုရမ်”**ကို ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းခြင်းခေတ်တွင် ဉာဏ်ရည်တု **Artificial Intelli–gence (AI)** နည်းပညာကို အသုံးချခြင်းဖြင့် စက်မှုကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍများတွင် ဆန်းသစ်တီထွင်မှုကို တွန်းအားပေးအရှိန်မြှင့်နိုင်ရန်နှင့် တက္ကသိုလ်များ၊ သုတေသနဌာနများနှင့် စက်မှုလုပ်ငန်းများအကြား AI ဂေဟစနစ် ဖွံ့ဖြိုးတိုးတက်ရေးကို ပံ့ပိုးပေးနိုင်မည့် ပဏာမခြေလှမ်းကို တွန်းအားပေးနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# “တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သည့် အရအသုံးမှန်းခြေငွေစာရင်း အကောင်အထည်ဖော်မှုနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရသည့်လုပ်ငန်းစဉ်များ” ခေါင်းစဉ်ဖြင့် အသိပညာမျှဝေဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၁၄**

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ အသိပညာမျှဝေရေး အစီအစဉ် (Knowledge Sharing Program–KSP) ၏ ဆွေးနွေးပွဲအမှတ်စဉ် (၃၆) ကို “တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သည့် အရအသုံးမှန်းခြေ ငွေစာရင်း အကောင်အထည်ဖော်မှု နှင့် စပ်လျဉ်း၍ ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်များ” ခေါင်းစဉ်ဖြင့် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

ဆွေးနွေးပွဲသို့ ဒုတိယစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်း အတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ နှင့် လက်ထောက် ညွှန်ကြားရေးမှူးများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် မြန်မာနိုင်ငံစာရင်းကောင်စီရုံးတို့မှ ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများက Online မှ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦးက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဝန်ထမ်းများအနေဖြင့် မိမိတို့၏ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု ပိုမိုတိုးတက်ကောင်းမွန်စေရေး စစ်ဆေးဆောင်ရွက်မှုများတွင် များစွာအထောက်အကူပြုနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ယနေ့ဆွေးနွေးမည့် အကြောင်းအရာများကို ဂရုပြုမှတ်သားခြင်း၊ ထပ်မံသိရှိလိုသည်များကို မေးမြန်းခြင်း၊ ဖြည့်စွက်ဆွေးနွေးခြင်းတို့ဖြင့် လုပ်ငန်းခွင်တွင် အကျိုးရှိစွာ ပြန်လည်အသုံးချကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် မကွေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်အိအိခိုင်က အရအသုံးမှန်းခြေငွေစာရင်း ရေးဆွဲခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ခွဲဝေချထားသည့် ရန်ပုံငွေများအား ခွဲဝေစီမံခြင်း၊ ပိုလျှံငွေ ပြန်လည်အပ်နှံခြင်း၊ ဖြည့်စွက်ရန်ပုံငွေတောင်းခံခြင်း၊ ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲခြင်း၊ လစဉ်ရငွေနှင့် အသုံးစရိတ်ဆိုင်ရာစာရင်းများ ရေးဆွဲခြင်း၊ စစ်ဆေးခြင်းနှင့် သက်ဆိုင်ရာဌာနများသို့ ပေးပို့ခြင်း စသည့်အကြောင်းအရာများကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြ သူများက သိရှိလိုသည်များကို မေးမြန်းခြင်း၊ အပြန်အလှန်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

**သတင်းစဉ်**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် ဒီဇင်ဘာ ၁၄**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

**မိုး/ဇလ**

## ဘိုကလေးမြို့နယ်တွင် ကျောင်းအခြေပြုမီးဘေးလုံခြုံရေး အသိပညာပေးဟောပြောကာ သရုပ်ပြဆောင်ရွက်

**ဘိုကလေး ဒီဇင်ဘာ ၁၄**

မြို့နယ်တွင်း မီးဘေးအန္တရာယ်ကင်းဝင်းစေရေး၊ မီးဘေးလုံခြုံရေး၊ မီးဘေးတားဆီးကာကွယ်နိုင်ရေး အသိပညာများကျယ်ပြန့်စေရေးတို့အတွက် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မီးသတ်ဦးစီးဌာနက ယနေ့နံနက် ၁၀ နာရီခွဲတွင် စာသင်ကျောင်းအခြေပြုမီးဘေးလုံခြုံရေး အသိပညာပေး ဟောပြောပွဲနှင့် မီးငြိမ်းသတ်ရေး သရုပ်ပြခြင်းကို ဘိုကလေးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ဆောင်ရွက်သည်။

ဟောပြောပွဲနှင့် သရုပ်ပြခြင်း အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကံဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းအောင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကံဝင်းက အမှာစကား ပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းအောင်က မီးလောင်မှုဖြစ်ပွားရသည့်အကြောင်းရင်းများနှင့်မီးဘေးအန္တရာယ် တားဆီးကာကွယ်ရေးနည်းလမ်းများကို အသိပညာပေး ဟောပြောသည်။



ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက မီးလောင်ကျွမ်းမှုအပေါ် ငြိမ်းသတ်မှု နည်းလမ်းများ၊ မီးသတ်ဆေးဘူးအသုံးပြုနည်းများနှင့် မီးသတ်ယာဉ်ဖြင့် အအေးပေးစနစ် အသုံးပြုကာ မီးငြိမ်းသတ်နည်းများကို သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

# (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် ဘောလုံး(အမျိုးသမီး)ပြိုင်ပွဲကျင်းပ





**နေပြည်တော် ဒီဇင်ဘာ ၁၄**

တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအတွက် အထောက်အကူဖြစ်စေရေး၊ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ ပျော်ပျော်ရွှင်ရွှင် စည်းစည်းလုံးလုံးဖြင့် ချစ်ခင်ရင်းနှီးမှုရရှိစေရေးနှင့် ဝန်ထမ်းများ တက်ကြွရွှင်လန်းစွာ လုပ်ငန်းတာဝန်များကို ပိုမိုထမ်းရွက်နိုင်စေရေး ရည်ရွယ်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၂၄ ခုနှစ်(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် ဘောလုံး(အမျိုးသမီး)ပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်း အမှတ်(၁)နှင့် ကွင်းအမှတ် (၃) တို့၌ ကျင်းပသည်။

ပထမအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ယနေ့နံနက် ၇ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ဖြင့် လည်းကောင်း၊ မွန်းလွဲ ၃ နာရီတွင် လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အဆိုပါ (အမျိုးသမီး)ဘောလုံးပြိုင်ပွဲသို့ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်တိုးရီ၊ ဦးမျိုးလှိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဘောလုံးအားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

ဝန်ကြီးဌာနပေါင်းစုံ အသက် (၂၅) နှစ်အောက်ဘောလုံး(အမျိုးသမီး)ပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်အဖြစ် ဒီဇင်ဘာ ၁၅ ရက် မွန်းလွဲ ၃ နာရီတွင် လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ကြောင်းနှင့် အားကစားဝါသနာရှင်များ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# လားရှိုးမြို့ရှိ နယ်မြေခံကျောင်းများတွင် ယာယီတည်းခိုနေထိုင်လျက်ရှိသည့် တပ်မတော်သားမိသားစုဝင် ကျောင်းသားကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ ကျောင်းသုံးစာရေးကိရိယာများနှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း အောက်တိုဘာ ၂၇ ရက်မှစ၍ MNDAA၊ TNLA၊ AA အဖွဲ့တို့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များကြောင့် အချို့သောကျေးရွာများ၊ မြို့များ၊ လမ်း၊ တံတားများ ပျက်စီးဆုံးရှုံးခဲ့ရပြီး ဒေသခံပြည်သူလူထုတို့အနေဖြင့် ၎င်းတို့၏နေရပ်မှ တိမ်းရှောင်စွန့်ခွာ၍ လားရှိုးမြို့ရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဘာသာရေးကျောင်းများ၊ ရုံး၊ အဆောက်အဦများ၌ ယာယီတည်းခို နေထိုင်လျက်ရှိသည်။



အဆိုပါ ယာယီနေရပ်စွန့်ခွာ ဒေသခံပြည်သူများ၏ စားဝတ်နေရေးနှင့် အုပ်ချုပ်မှုကိစ္စရပ်များ အဆင်ပြေစေရန် နိုင်ငံတော်အစိုးရနှင့် တပ်မတော်တို့မှ ဦးဆောင်၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

**ထောက်ပံ့ပေးအပ်**

ထိုသို့ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ လားရှိုးမြို့ရှိ နယ်မြေခံ တပ်ရင်း/တပ်ဖွဲ့များ၌ လာရောက်တည်းခိုနေထိုင်လျက်ရှိပြီး လားရှိုးမြို့ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းတွင် ပညာ သင်ကြားလျက်ရှိသည့် တပ်မတော်သား မိသားစုဝင် ကျောင်းသား ကျောင်းသူ ၅၆ ဦး အတွက် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ ထောက်ပံ့ပေးအပ်သည့် ကျောင်းဝတ်စုံများ၊ ကျောပိုးအိတ်များ၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများ၊ ကျောင်းသုံးပစ္စည်းများကို တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများထံ သွားရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်တက္ကသိုလ်၌ ၂၀၂၃- ၂၀၂၄ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ(အမျိုးသား၊ အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကျင်းပ

**ပြည် ဒီဇင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး ပြည်တက္ကသိုလ်၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ အားကစားပြိုင်ပွဲများနှင့် (အမျိုးသား၊ အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ယင်းတက္ကသိုလ် မိုးလုံလေလုံအားကစားခန်းမ၌ကျင်းပရာ ပြည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသက်လွင်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်ဌာနများမှ ပါမောက္ခဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်သည်။

ပြည်တက္ကသိုလ်၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ အားကစားပြိုင်ပွဲများတွင် (အမျိုးသား၊ အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ အပါဝင် ပြေးခုန်ပစ်၊ စားပွဲတင်တင်းနစ်၊ ပိုက်ကျော်ခြင်းနှင့် အမျိုးသားဘောလုံးပြိုင်ပွဲတို့ပါဝင်ပြီး ကျောင်းသား ကျောင်းသူများ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလအတွင်း ကျင်းပမည့် တက္ကသိုလ်ဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း ယင်းတက္ကသိုလ်တာဝန်ရှိသူထံမှ သိရသည်။ **ကိုဆက်(ပြန်/ဆက်)**



# MGC 18th Junior Golf Open Championship 2023 ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်၏ ညွှန်ကြားမှုဖြင့် မြန်မာဂေါက်ကလပ်က ကျင်းပသော MGC 18th Junior Golf Open Championship 2023 မျိုးဆက်သစ် လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၇၊ ၂၈ ရက်တွင် ရန်ကုန်မြို့ (၉) မိုင် ပြည်လမ်းရှိ မြန်မာဂေါက်ကလပ်၌ ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အမျိုးသား ၁၂ နှစ်အောက်သက်တမ်း၊ ၁၄ နှစ်အောက်သက်တမ်း၊ ၁၈ နှစ်အောက်သက်တမ်းနှင့် အမျိုးသမီး ၁၈ နှစ်အောက်သက်တမ်းများ ထည့်သွင်းကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲကို စိန့်အင်ဒရူးဂေါက်သီးစည်းမျဉ်းများနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံတစ်ဝန်းမှ ဂျူနီယာဂေါက်သီးရိုက် အားကစားသမားများသည် ဒီဇင်ဘာ ၂၄ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ မြန်မာဂေါက်ကလပ် ဖုန်းနံပါတ် ၀၉-၄၄၄၈၀၉၀၀ သို့ အမည်စာရင်းပေးသွင်းနိုင်ပြီး ပြိုင်ပွဲဝင်ကြေး အခမဲ့သတ်မှတ်ထားကြောင်း သိရသည်။ **ကိုညီလေး**

▼ *ကျောဖုံးမှ*

အက်သလက်တီကိုမက်ဒရစ်အသင်းက ခြေစွမ်းအသာဖြင့် ကစားနိုင်ခဲ့ပြီး ဂိုးပြတ်နိုင်ပွဲကို ဖော်ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ အုပ်စုပွဲစဉ်များ ပြီးဆုံးချိန်တွင် အက်သလက်တီကိုမက်ဒရစ်အသင်းက ရမှတ် ၁၄ မှတ်နှင့်အတူ အုပ်စုပထမဖြင့် နောက်တစ်ဆင့်တက်လှမ်းနိုင်ခဲ့သလို ယခုပွဲစဉ်ရှုံးနိမ့်ခဲ့သည့် လာဇီယိုအသင်းကလည်း ရမှတ် ၁၀ မှတ်နှင့်အတူ အုပ်စုဒုတိယဖြင့် နောက်တစ်ဆင့် တက်လှမ်းနိုင်ခဲ့သည်။

နယူးကာဆယ်နှင့် အေစီမီလန်အသင်းပွဲစဉ်တွင် အေစီမီလန်အသင်းက အကြိတ်အနယ်ကစားပြီး နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ နယူးကာဆယ်အသင်းသည် အေစီမီလန်အသင်းဘက်သို့ ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ချေပဂိုးနှင့် အနိုင်ဂိုးပြန်လည်ခွင့်ပြုပေးခဲ့ရသည့်အတွက် ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ အေစီမီလန်အသင်းက ယခုပွဲစဉ်အနိုင်ရရှိခဲ့သည့်အတွက် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် နောက်တစ်ဆင့်တက်လှမ်းခွင့်နှင့် လွဲချော်ခဲ့သော်လည်း ယူရိုပါလိဂ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိခဲ့သည်။

ဆားဘီးယားကလပ် ဇဗက်ဒါနှင့်မန်စီးတီးအသင်းပွဲစဉ်တွင် မန်စီးတီးအသင်းက အကြိတ်အနယ်ကစားပြီး သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ မန်စီးတီးအသင်းသည် ယခုပွဲစဉ် အနိုင်ရရှိခဲ့သည့်အတွက် အုပ်စုတွင်း ယှဉ်ပြိုင်ကစားခဲ့သည့် ခြောက်ပွဲတွင် ခြောက်ပွဲစလုံးနိုင်ပွဲရရှိသည့် မှတ်တမ်းပိုင်ဆိုင်ခဲ့သည်။ အဆိုပါအုပ်စု၌ နောက်တစ်ဆင့်သို့ မန်စီးတီးအသင်းနှင့်အတူ လိုက်ပ်ဇစ်အသင်း တက်လှမ်းနိုင်ခဲ့သည်။

အခြားသော ပွဲစဉ်ရလဒ်များတွင် ဆဲလ်တစ်က ဖီယင်နုကို နှစ်ဂိုး-တစ်ဂိုး၊ လိုက်ပ်ဇစ်က ယန်းဘွိုင်းစ်ကို နှစ်ဂိုး-တစ်ဂိုး၊ အန့်ဝပ်က ဘာစီလိုနာကို သုံးဂိုး-နှစ်ဂိုး၊ ပေါ်တိုက ရက်တာဒိုးနက်ကို ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဒေါ့မွန်နှင့် ပီအက်စ်ဂျီအသင်းပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။ **အောင်ဇော်**

❂ *ကျောဖုံးမှ*

**အမာခံကစား သမားအများစုဖြင့် ပွဲထွက်**

နှစ်သင်းစလုံး အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့ပြီး ဒုတိယပိုင်းတွင် နှစ်ဖက်အသင်းပိုင်ရှင်များဖြစ်သည့် မဟာယူနိုက်တက်အသင်းပိုင်ရှင် ဖိုးချစ် (ခ) ချစ်မျိုးထိုက်၊ GFA အသင်းပိုင်ရှင် ထောင်ထာထန်း (ခ) တီတီတို့ လူစားလဲ ပါဝင်ကစားခဲ့သည်။ ၁၀ မိနစ်တွင် ဝါရင့်ကစားသမား သက်နိုင်က မဟာယူနိုက်တက်အသင်းအတွက် အဖွင့်ဂိုးသွင်းယူခဲ့သည်။

**သွင်းဂိုးများ အပြန်အလှန်ရရှိခဲ့**

ယင်းနောက်ပိုင်းတွင် နှစ်သင်းစလုံး တိုက်စစ်ဖွင့်ကစားခဲ့ပြီး ဂိုးသွင်းခွင့်များလည်း အပြန်အလှန်ရရှိခဲ့သည်။ မဟာယူနိုက်တက်အသင်းအတွက် ဒုတိယဂိုးကို ၃၃ မိနစ်တွင် အာကာကျော်က အဝေးကန်ချက်ဖြင့် သွင်းယူခဲ့ပြီး ပထမပိုင်းအပြီးတွင် နှစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။

ဒုတိယပိုင်းအစတွင် မဟာယူနိုက်တက်အသင်းက ပိုဖိကစားနိုင်ခဲ့ပြီး မိနစ် ၆၀ တွင် သက်နိုင်က ပယ်နယ်တီမှတစ်ဆင့် တတိယဂိုးသွင်းယူခဲ့သည်။ GFA အသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို အသင်းပိုင်ရှင်ဖြစ်သူ ထောင်ထာထန်း (ခ) တီတီက ၇၁ မိနစ်တွင် သွင်းယူခဲ့ခြင်းဖြစ်သည်။

ယခုပွဲအတွက် အကောင်းဆုံးကစားသမားဆုကို မဟာယူနိုက်တက်အသင်းမှ သက်နိုင်က ရရှိသည်။ ပွဲကုန် ၂၂ ပွဲစီ ကစားအပြီးတွင် မဟာယူနိုက်တက်အသင်းက ရမှတ် ၃၀၊ GFA အသင်းက ၁၂ မှတ် ရရှိခဲ့သည်။

**ယှဉ်ပြိုင်ကစားမည်ဖြစ်**

ပွဲစဉ် (၂၂) ဒုတိယနေ့ကို ဒီဇင်ဘာ ၁၅ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး YUSC ကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် ရှောဝတီအသင်း၊ သုဝဏ္ဏကွင်း၌ ဒဂုံစတားအသင်းနှင့် ကချင်ယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ရဲရင့်လွင်**

# ရခိုင်ပြည်နယ်နေ့နှင့် ဒို့တာဝန်အရေးသုံးပါး

စွန်ရဲ

ပြည်နယ်နေ့ဆိုသည်မှာ တိုင်းရင်းသားလူမျိုးများ အလေးအမြတ်တန်ဖိုးထားသော နေ့တစ်နေ့ဖြစ်သည်။ မိမိတို့၏ အမျိုးဂုဏ် ဇာတိဂုဏ်ဖြင့် ဝင့်ကြွားဂုဏ်ယူရသော နေ့ထူးနေ့မြတ်လည်းဖြစ်သည်။ ဒီဇင်ဘာ ၁၅ ရက်မှာ ရခိုင်ပြည်နယ်နေ့ဖြစ်ပြီး ရခိုင်ပြည်သူများအဖို့ ဂုဏ်ယူအပ်သောနေ့တစ်နေ့လည်း ဖြစ်သည်။ နှစ်စဉ်ကျရောက်မြဲဖြစ်သော ရခိုင်ပြည်နယ်နေ့ကို ရခိုင်ပြည်သူတို့ ဂုဏ်ယူဝင့်ကြွားစွာ ကျင်းပခဲ့ကြသည်။ ရခိုင်ပြည်နယ်နေ့သည် ရခိုင်ပြည်သူများအဖို့ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ဖော်ကျူးပြသသည့် နေ့ထူးနေ့မြတ်လည်းဖြစ်သည်။ မြန်မာနိုင်ငံရှိ အခြားတိုင်းရင်းသားများနည်းတူ ပြည်နယ်အလံ၊ ပြည်နယ်တံဆိပ်၊ ပြည်နယ်အမျိုးသားဝတ်စုံများဖြင့် မိမိတို့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းဖော်ပြကြသည်။



၂၀၂၂ ခုနှစ်က ကျင်းပခဲ့သည့် (၄၈)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနား။

## တိုင်းရင်းသားအခွင့်အရေးနှင့် တိုင်းရင်းသားလက်နက်ကိုင်များ

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ၁၉၄၉ ခုနှစ်မှ၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အလျှိုအလျှို ပေါ်ပေါက်လာခဲ့သည်။ အခြားတိုင်းရင်းသားများအနေဖြင့် လက်နက်စွဲကိုင်ပြီး တိုင်းရင်းသားအခွင့်အရေးရရှိ ရေး၊ တန်းတူညီမျှရေး တောင်းဆိုတိုက်ပွဲဝင်ခဲ့ကြသော်လည်း ရခိုင်ပြည်သူများအနေဖြင့် မိမိတို့ အခွင့်အရေးအတွက် လက်နက်ကိုင်တိုက်ပွဲဝင်ခြင်းများ မရှိခဲ့ပေ။ နိုင်ငံရေးလမ်းကြောင်းဖြင့်သာ ငြိမ်းချမ်းစွာ တောင်းဆိုခဲ့ကြသည်။

## ရခိုင်ပြည်နယ်နေ့ ဖြစ်ပေါ်လာခြင်း

မြန်မာနိုင်ငံသည် နယ်ချဲ့အင်္ဂလိပ်လက်အောက်သို့ နှစ်ပေါင်း ၁၀၀ ကျော် ကျရောက်ခဲ့ရသည်။ ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ အခြားဒေသများထက် နှစ်ပေါင်း ၆၀ ခန့်စောပြီး ဗြိတိသျှလက်အောက် ရောက်ခဲ့ရသော ပြည်နယ်ဖြစ်သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးသမိုင်းတွင် ဆရာတော် ဦးဥတ္တမသည် လွတ်လပ်ရေး၏ မီးရှူးတန်ဆောင်အဖြစ် ဦးဆောင်မှုပေးခဲ့သလို ရခိုင်လူငယ်ခေါင်းဆောင်များသည်လည်း မြန်မာ့လွတ်လပ်ရေးအတွက် မြန်မာတိုင်းရင်းသားများနှင့်အတူ ပူးပေါင်းလက်တွဲတိုက်ပွဲဝင်ခဲ့ကြသည်။ ဖက်ဆစ်ဂျပန်တော်လှန်ရေးကာလ၊ ဖဆပလအဖွဲ့ ဦးဆောင်သော မြန်မာ့လွတ်လပ်ရေးတိုက်ပွဲကာလများတွင် ရခိုင်လူငယ်ခေါင်းဆောင်များသည် မြန်မာတိုင်းရင်းသားခေါင်းဆောင်များနှင့်အတူ လက်တွဲတိုက်ပွဲဝင်ခဲ့ကြသည်။

ဗြိတိသျှအင်္ဂလိပ်တို့သည် မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးခဲ့သော်လည်း ရခိုင်ပြည်နယ်ကို ပြည်နယ်တစ်ခုအဖြစ် သတ်မှတ်ပေးခဲ့ခြင်းမရှိပေ။ ပြည်ထောင်စုနိုင်ငံအတွင်းမှ တိုင်းဒေသတစ်ခုအဖြစ်၊ ရခိုင်တိုင်းအဖြစ်သာ ထည့်သွင်းပေးခဲ့ခြင်းဖြစ်သည်။ ဖဆပလအဖွဲ့ဦးဆောင်၍ မြန်မာနိုင်ငံလွတ်လပ်ရေးတောင်းဆိုသည့် အခါကာလများတွင်လည်း ရခိုင်တိုင်းရင်းသားခေါင်းဆောင်များသည် ရခိုင်တိုင်းအား ရခိုင်ပြည်နယ်အဖြစ် ထည့်သွင်းသတ်မှတ်ရန် အထူးအခွင့်အရေး တောင်းဆိုခြင်းမပြုခဲ့ပေ။ သို့ရာတွင် ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးသည့် နောက်ပိုင်းတွင် ရခိုင်တိုင်းရင်းသားခေါင်းဆောင်များသည် နိုင်ငံရေးပါတီစုဖွဲ့ကာ ရခိုင်ပြည်နယ်ရရှိရေးကို တောင်းဆိုလာခဲ့ကြသည်။

၁၉၄၈-၁၉၆၂ ခုနှစ်အတွင်း ပါလီမန်ဒီမိုကရေစီခေတ်ကာလတစ်လျှောက်လုံး လွှတ်တော်မှနေ၍ ဥပဒေဘောင်အတွင်းမှ အရေးဆို တောင်းဆိုခဲ့ကြသော်လည်း ပြည်နယ်မရရှိခဲ့။ တော်လှန်ရေးကောင်စီအစိုးရလက်ထက် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ဦးဆောင်မှုဖြင့် ရေးဆွဲခဲ့သော ၁၉၇၄ ခုနှစ် အခြေခံဥပဒေပြဋ္ဌာန်းချက်အရ ရခိုင်ပြည်နယ် ဖြစ်ပေါ်လာခဲ့ခြင်း ဖြစ်သည်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၇၃ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပခဲ့ပြီး ၁၉၇၄ ခုနှစ် ဇန်နဝါရီလတွင် အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့သည်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်အရ ရခိုင်တိုင်းကို ရခိုင်ပြည်နယ်အဖြစ် သတ်မှတ်ခဲ့ရာမှ ရခိုင်ပြည်နယ်ဟု ဖြစ်ပေါ်လာခဲ့ခြင်း ဖြစ်သည်။ ၁၉၇၄ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သော ပထမအကြိမ် ရခိုင်ပြည်နယ် ပြည်သူ့ကောင်စီသည် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းနိုင်ရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပခဲ့သည့် ဒီဇင်ဘာ ၁၅ ရက်ကို ရခိုင်ပြည်နယ်နေ့ဟု သတ်မှတ်ခဲ့သည်။ ရခိုင်ပြည်နယ်နေ့ကိုလည်း နှစ်စဉ်ကျင်းပခဲ့ရာ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်သည် (၄၉)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ပင် ဖြစ်သည်။

## ရခိုင်ပြည်နယ်၏ စီးပွားရေး

ရခိုင်ပြည်နယ်သည် ရခိုင်၊ မြို၊ ခမီ၊ သက်၊ ဒိုင်းနက်၊ မရမာကြီးနှင့် ကမန် စသည့် ရခိုင်မျိုးနွယ်စုဝင်များဖြင့် လူမျိုးကို အခြေခံဖွဲ့စည်းထားသော ပြည်နယ်ဖြစ်သည်။ ဧရိယာအကျယ်အဝန်း ၁၄၂၀၀ ဒသမ ၁၁ စတုရန်းမိုင်ရှိသည်။ ခရိုင်ခုနစ်ခု၊ မြို့နယ် ၁၇ မြို့နယ်၊ မြို့ ၂၈ မြို့ဖြင့် ဖွဲ့စည်းထားပြီး ပြည်နယ်အတွင်း ရခိုင်တိုင်းရင်းသားများ နေထိုင်မှု စုစုပေါင်း ၇၄ ဒသမ ၄၃ ရာခိုင်နှုန်းရှိကာ ကျေးလက်ဒေသများတွင် နေထိုင်သူမှာ ပြည်နယ်လူဦးရေ၏ ၈၀ ရာခိုင်နှုန်းခန့်ရှိသည်။ ရခိုင်ပြည်နယ်၏ စီးပွားရေးမှာ လယ်ယာစိုက်ပျိုးရေးကို အခြေခံသည်။ ပင်လယ်ကမ်းရိုးတန်းဒေသ ဖြစ်သဖြင့် ရေလုပ်ငန်းကိုလည်း လုပ်ကိုင်လျက်ရှိကြသည်။

ရခိုင်မြေဟုဆိုလိုက်လျှင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နယ်စပ်ချင်းထိစပ်နေသော မြန်မာနိုင်ငံ၏ အနောက်ဘက်ဒေသမှ တံတောင်ဆစ်ကွေးသဏ္ဍာန်ရှိပြီး ဘင်္ဂလားပင်လယ်အော်ကို မေးတင်ထားသည့် ကမ်းရိုးတန်းမြေကို လှမ်းမြင်မိကြမည်။ အရှေ့ဘက်တွင် ရခိုင်ရိုးမတောင်တန်းကြီး၊ အနောက်ဘက်တွင် ဘင်္ဂလားပင်လယ်အော်တို့အကြား သဘာဝရေမြေအနေအထားနှင့် မြေဆီဩဇာ ထက်သန်ကောင်းမွန်သော နေရာဒေသတစ်ခုဖြစ်ကာ အလျားမိုင်ပေါင်း ၄၂၀ ကျော်ရှိ ပင်လယ်ကမ်းရိုးတန်းကို ပိုင်ဆိုင်ထားသည့်အပြင် ကျောက်ဖြူဆိပ်ကမ်းကဲ့သို့ ပင်လယ်ရေနက်ဆိပ်ကမ်းကိုပါ ပိုင်ဆိုင်ထားသဖြင့် ပထဝီနိုင်ငံရေးအရ အရေးပါသော ဒေသတစ်ခုအဖြစ် ရှုမြင်သတ်မှတ်ခြင်းခံထားရသော ပြည်နယ်တစ်ခုဖြစ်သည်။

ယဉ်ကျေးမှုအရလည်း မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် ရခိုင်ပြည်နယ်သို့ ကြွချီရောက်ရှိတော်မူခဲ့ပြီး မင်းနှင့်ပြည်သူတို့အား တရားရေအေးအမြိုက်ဆေးကို တိုက်ကျွေးကာ ဗုဒ္ဓသာသနာထွန်းကားခဲ့ရာမြေ ဖြစ်သည်သာမက ဓညဝတီ၊ ဝေသာလီ၊ လေးမြို့၊ မြောက်ဦး စသည့် ခေတ်ကြီးလေးခေတ်ဖြင့် ထင်ရှားခဲ့ကာ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များနှင့် ပြည့်စုံသည့် နေရာဒေသလည်း ဖြစ်သည်။

ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အနောက်ပိုင်းတွင်ရှိပြီး ရခိုင်ရိုးမတောင်တန်းနှင့် ဘင်္ဂလားပင်လယ်အော်အကြား ကမ်းမြောင်ဒေသ၌ တည်ရှိသည်။ ရခိုင်ပြည်နယ်၏ အနောက်ဘက်တွင် လူဦးရေထူထပ်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံ တည်ရှိနေသည်။ သဘာဝပထဝီအနေအထားအရ ရခိုင်ကမ်းရိုးတန်း ပင်လယ်ကမ်းခြေသည် အလျားမိုင်ပေါင်း ၄၂၀ ခန့်ရှည်လျားကာ ရေချိုအရင်းအမြစ်ပေါများသည့် မြစ်ချောင်းအင်းအိုင်များဖြင့် ပြည့်နှက်လျက်ရှိသည်။ ရခိုင်ပြည်နယ်၏ ရေခံမြေခံကောင်းမွန်သော သဘာဝပထဝီအနေအထားကြောင့် ဆန်ရေစပါး၊ သားငါးနှင့် အဖိုးတန်သဘာဝထွက်ကုန်များ ထွက်ရာဒေသတစ်ခုဖြစ်သည်။

ရခိုင်တို့၏ ရှည်လျားသောသမိုင်းကြောင်းနှင့်အတူ ရခိုင်ပြည်သူတို့၏ ချစ်မြတ်နိုးဖွယ်ရာ ဓလေ့ထုံးတမ်းအစဉ်အလာများ၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များဖြင့် ပြည့်စုံကြွယ်ဝသည့် ဒေသလည်းဖြစ်ခြင်းကြောင့် ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းများ၊ ပင်လယ်ကမ်းရိုးတန်းနှင့် ကျွန်းများကို အခြေပြုသည့် ပြည်ပခရီးသွားလုပ်ငန်းများကို ကောင်းစွာဆောင်ရွက်နိုင်သည့် ဒေသတစ်ခုလည်း ဖြစ်သည်။

## ယနေ့ရခိုင်ပြည်နယ်

ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပထဝီမြေပြင်အနေအထားကို ကြည့်ပါက တိုင်းရင်းသား လူမျိုးစုများနေထိုင်ရာ ပြည်နယ်များသည် မြန်မာနိုင်ငံ၏ အစွန်အဖျားတွင် ရှိနေသည်။ အရှေ့တောင်ဘက်တွင် ထိုင်းနိုင်ငံနှင့် ထိစပ်နေသော မွန်ပြည်နယ်၊ အရှေ့ဘက်တွင် ထိုင်းနိုင်ငံနှင့်ထိစပ်နေသော ကရင်ပြည်နယ်နှင့် ကယားပြည်နယ်၊ အရှေ့မြောက်ဘက်တွင် လာအိုနိုင်ငံနှင့် တရုတ်နိုင်ငံတို့နှင့် ထိစပ်နေသော ရှမ်းပြည်နယ်၊ မြောက်ဘက်တွင် တရုတ်နိုင်ငံနှင့်ထိစပ်နေသော ကချင်ပြည်နယ်၊ အနောက်မြောက်ဘက်တွင် အိန္ဒိယနိုင်ငံနှင့် ထိစပ်နေသော ချင်းပြည်နယ်၊ အနောက်ဘက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ထိစပ်နေသော ရခိုင်ပြည်နယ်တို့ဖြင့် မြန်မာနိုင်ငံကို ဝန်းရံဖွဲ့စည်းထားသည်ကို စိတ်ဝင်စားဖွယ်တွေ့ရသည်။ နယ်စပ်ဒေသနေ တိုင်းရင်းသားလူမျိုးအချို့ဆိုလျှင် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်သွားလာလျက်ရှိသလို တစ်ဖက်နိုင်ငံရှိ မျိုးနွယ်တူများနှင့် ကူးလူးဆက်ဆံမှုများ ရှိနေတတ်ကြသည်။ ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်များ၏ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည်လည်းအရေးပါလျက်ရှိနေပေသည်။

၂၀၁၅ ခုနှစ် နှစ်ဆန်းပိုင်းက ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သော AA နှင့် တပ်မတော်တို့အကြား နှစ်ဖက်တိုက်ပွဲများသည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် ယာယီရပ်စဲခဲ့သည်။ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မတည်ငြိမ်မှုကိုအကြောင်းပြု၍ တားမြစ်ပိတ်ပင်ထားသော မဲဆန္ဒနယ်အားလုံး ရွေးကောက်ပွဲကျင်းပနိုင်စေရန် တည်ငြိမ်အေးချမ်းမှုကို ရေးရှုဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သော်လည်း ထိုစဉ်က NLD အစိုးရသည် လိုက်လျောခြင်းမပြုခဲ့။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲနိုင်ပြီး ပြည်နယ်အစိုးရဖွဲ့စည်းရာတွင်လည်း ရခိုင်ပြည်သူများ၏ဆန္ဒကို လျစ်လျူရှုခဲ့ရာ ရခိုင်တိုင်းရင်းသားပြည်သူများ၏ ခံစားချက်ကို နားလည်ပေးနိုင်ကြပေလိမ့်မည်။

၂၀၂၀ ပြည့်နှစ် နှစ်ဖက်အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်သည် စာချုပ်စာတမ်းမရှိဘဲ အလွတ်သဘော ညှိနှိုင်းသဘောတူညီချက်(Gent-leman Agreement)သာ ဖြစ်ခဲ့ရာ ၂၀၂၂ ခုနှစ် ဩဂုတ်လတွင် တစ်ကျော့ပြန်တိုက်ပွဲများ ဖြစ်ပွားခဲ့ရသည်။ သို့ရာတွင် ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင်ပင် အပစ်အခတ် ရပ်စဲနိုင်ခဲ့သည်။ ၂၀၂၃ ခုနှစ်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ စတင်ခဲ့သည့် စစ်ရေးပဋိပက္ခတွင် AA ပါဝင်ခဲ့ပြီးနောက် နိုဝင်ဘာ ၁၃ ရက်တွင် ရခိုင်ပြည်နယ်၌ တိုက်ပွဲများ တစ်ကျော့ပြန်ဖြစ်ပွားခဲ့ရပြန်သည်။

ဤအခြေအနေကြောင့် ရခိုင်ပြည်နယ်တွင် လမ်းပန်းဆက်သွယ်ရေးများ ပြတ်တောက်သွားခဲ့သည်။ လမ်းပန်းဆက်သွယ်ရေးပြတ်တောက်ခြင်းနှင့်အတူ ကုန်စည်စီးဆင်းမှုလည်း ပျက်စီးသွားခဲ့သည်။ စားသောက်ကုန်၊ ဆေးဝါး စသည်များ ဈေးကြီးသွားခဲ့သည်။ လက်လုပ်လက်စား လူအများတို့အတွက် စားဝတ်နေရေးအခက်အခဲတွေ ဖြစ်ပေါ်ခဲ့ကြရသည်။ ဘယ်သူသေသေ ငတေမာလျှင် ပြီးရော ဆိုသည့် စီးပွားရေးသမားများကလည်း ခေတ်ပျက်သူဌေးအဖြစ် ဆန်အပါအဝင် စားသောက်ကုန်များကို ဈေးမြှင့်တင်ရောင်းချခြင်းဖြင့် ပြည်သူတို့၏ အခက်အခဲကို ပိုဆိုးစေခဲ့သည်။

*စာမျက်နှာ ၁၇ သို့*

စာမျက်နှာ ၁၆ မှ

ရခိုင်ပြည်နယ်အရေးနှင့် ပတ်သက်၍ ယခု ဒီဇင်ဘာ ၄ ရက်က ပြုလုပ်ခဲ့သည့် ပြည်ထောင်စု အစိုးရအဖွဲ့အစည်းအဝေး (၇/၂၀၂၃)တွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က "ရခိုင်ပြည်နယ်သည် လွန်ခဲ့သည့် နှစ်ပေါင်းများစွာ ကတည်းကပင် အခက်အခဲများ ကြုံတွေ့ခဲ့ကြရပြီး လမ်းပန်းဆက်သွယ်ရေးသည်လည်း ခက်ခဲကြောင်း၊ တပ်မတော်အစိုးရလက်ထက်မှ ယခုတိုင်အောင် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများ ကြောင့် ယခုအချိန်တွင် ရခိုင်ပြည်နယ်သည် ယခင် ကထက် အဆပေါင်းများစွာ ပြောင်းလဲတိုးတက်လာ သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့သော တိုးတက်နေသည့်အခြေအနေကို မတည်မငြိမ် ဖြစ်အောင် လုပ်ဆောင်နေသည်မှာ ဒေသတွင်း၌ ရှိသည့် AA လက်နက်ကိုင်အဖွဲ့အစည်းသာလျှင် ဖြစ်ကြောင်း၊ ရခိုင်ဒေသသည် သဘာဝဘေး အန္တရာယ်ကိုလည်း မကြာခဏ ခံစားရလျက်ရှိပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို မကြာခဏ ဆောင်ရွက်ပေးနေရကြောင်း၊ ထို့ပြင် ဘင်္ဂါလီအရေး အခင်းကိုလည်း ကြုံတွေ့ခဲ့ရကြောင်း၊ ယခုထပ်မံ၍ AA လက်နက်ကိုင်အဖွဲ့အနေဖြင့် မြောက်ဦး၊ ကျောက်တော်၊ ပလက်ဝဒေသတို့တွင် လက်နက် ကိုင်အကြမ်းဖက်မှုများ ဖန်တီးလျက်ရှိကြောင်း၊ ထိုကဲ့သို့ဒေသတွင်း၌ ပဋိပက္ခများဖြစ်ပေါ်နေခြင်း၏ ဆိုးကျိုးကို ဒေသခံများသာ ခံစားရမည်ဖြစ်ပြီး ခေတ်အဆက်ဆက်တွင် ဒေသဖွံ့ဖြိုးရေး တိုးတက် ရေးအတွက် နိုင်ငံတော်က ဆောင်ရွက်ပေးခဲ့သည့် လမ်း၊ တံတား၊ အဆောက်အအုံများ၊ ရေးပေါင်း အမွေအနှစ်များသည် အဖျက်အမှောင့်လုပ်ရပ်များ ကြောင့် တစ်ခဏတာအတွင်း ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်မည်ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေး အတွက် များစွာ အချိန်ယူဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ မိုခါမုန်တိုင်းတိုက်ခတ်မှုဒဏ်ခံခဲ့ရ သည့် အချိန်တွင်လည်း ရခိုင်ပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တပ်မတော် နှင့် နိုင်ငံတော်မှ ပြင်းပြင်းထန်ထန် ကြိုးပမ်း ဆောင်ရွက်ခဲ့ရသည်ကို တွေ့ရှိနိုင်မည်ဖြစ်ပြီး ယခု ပွင့်လင်းရာသီတွင် ဒေသခံများ ပြန်လည်အလုပ်လုပ် နိုင်ရန် မိုးတွင်းကာလအတွင်း၌ပင် ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ပြီးစီးအောင် တွန်းအား ပေးဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ တပ်မတော် အရာရှိကြီးများကို မြို့နယ်တစ်ခုချင်းစီအလိုက် တာဝန်ပေး၍ ခြောက်လခန့်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခု ပွင့်လင်းရာသီတွင် အလုပ်လုပ်နိုင်မှသာလျှင် ၎င်း နယ်မြေများသည် ပြန်လည် နာလန်ထူလာနိုင်မည် ဖြစ်သဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ သို့သော်လည်း ယခုဖြစ်ပေါ်နေသည့် လက်နက်ကိုင် အဖျက်အမှောင့်လုပ်ရပ်များကြောင့် ဖြစ်ပေါ်လာ သည့် ဆိုးကျိုးများကို ဒေသခံများအနေဖြင့် ထပ်မံခံစားတွေ့ကြုံနေရကြောင်း၊ မိမိတို့ဒေသဖွံ့ဖြိုး ရေးလုပ်ငန်းများကို ဆောင်ရွက်ရမည့်အချိန်တွင် အကြမ်းဖက်လုပ်ရပ်များကြောင့် ပျက်စီးခဲ့ရသည့် လမ်း၊ တံတားများကို ပြန်လည်တည်ဆောက်ခြင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက် ခြင်းဖြင့်သာ အချိန်ကုန်ပြီး ငွေကြေးများစွာသုံးစွဲ နေရကြောင်း" ပြောကြားသွားခဲ့သည်။

## ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

မှန်ပါ၏။ ရခိုင်ပြည်နယ်သည် လွန်ခဲ့သည့် နှစ်ပေါင်းများစွာကပင် လမ်းပန်းဆက်သွယ်မှု အခက်အခဲများကြောင့် ဖွံ့ဖြိုးတိုးတက်မှု နည်းပါး ခဲ့ရသည်။ စက်ရုံအလုပ်ရုံများ မရှိမှုကြောင့် အလုပ် အကိုင်အခွင့်အလမ်းတွေ ရှားပါးခဲ့ရသည်။ ရခိုင် ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ

- ❖ **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရခိုင်ပြည်နယ် ဖွံ့ဖြိုး တိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး နှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကဏ္ဍအလိုက် အစီအစမ်များ ချမှတ်အကောင်အထည်ဖော်လျက်ရှိ**
- ❖ **ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးကဏ္ဍကို ဦးစားပေး ဆောင်ရွက်ခဲ့ရာ ရခိုင်ပြည်နယ်အတွင်း ခရိုင်နှစ်ခုရှိ မြို့ကြီး များအားလုံး (မာန်အောင်မြို့နယ်မှအပ)သို့ ကုန်းလမ်းကြောင်းဖြင့် သွားလာဆက်သွယ် နိုင်ခဲ့ပြီဖြစ်**

အဆက်ဆက်က ဦးစားပေးလုပ်ကိုင်ခဲ့သည်များ ရှိသော်လည်း နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှု မရှိခြင်းကြောင့် ထင်တိုင်းမပေါက်ခဲ့။ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် ရခိုင်ပြည်နယ်ဖွံ့ဖြိုး တိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများကို ကဏ္ဍအလိုက် အစီ အစမ်များ ချမှတ် အကောင်အထည်ဖော်လျက်ရှိသည်။ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်း ဆက်သွယ်ရေးကဏ္ဍကို ဦးစားပေးဆောင်ရွက်ခဲ့ရာ ရခိုင်ပြည်နယ်အတွင်း ခရိုင်နှစ်ခုရှိ မြို့ကြီးများ အားလုံး(မာန်အောင်မြို့နယ်မှအပ)သို့ ကုန်းလမ်း ကြောင်းဖြင့် သွားလာဆက်သွယ်နိုင်ခဲ့ပြီဖြစ်သည်။ ပြည်ပနိုင်ငံများနှင့် ကုန်သွယ်မှုမြှင့်တင်နိုင်ရေး အတွက်လည်း ကျောက်ဖြူစီးပွားရေးဇုန်စီမံကိန်း နှင့် ရေနက်ဆိပ်ကမ်းစီမံကိန်းကို အကောင်အထည် ဖော် ဆောင်ရွက်နေသည်သာမက အိန္ဒိယနိုင်ငံအပါ အဝင် အရှေ့အာရှနိုင်ငံများနှင့် ရေကြောင်းကုန်သွယ်မှု ပြုလုပ်နိုင်ရန် စစ်တွေမြို့တွင် ကုလားတန် ဘက်စုံ သုံးစီမံကိန်းနှင့် ပင်လယ်ဆိပ်ကမ်းတည်ဆောက် ရေး စီမံကိန်းဖြင့် ကုန်သွယ်ရေးလုပ်ငန်းများ စတင် နေပြီဖြစ်သည်။

ရခိုင်ပြည်နယ်အတွင်း ကျေးလက်လူဦးရေမှာ ၈၀ ရာခိုင်နှုန်းကျော်ရှိသဖြင့် လူမှုစီးပွားဘဝ မြှင့်တင်ရာတွင် ကျေးလက်နှင့်မြို့ပြ ကွာခြားချက် ကို အနည်းဆုံးဖြစ်လာစေရန်လည်း လုပ်ကိုင် ဆောင်ရွက်လျက်ရှိနေသည်။ ရခိုင်ပြည်နယ်၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ကုန်ထုတ် လုပ်ငန်းနှင့် ရေလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှ ထောက်ပံ့ ငွေကျပ် ၁၀ ဘီလီယံကို လုပ်ငန်းရှင်များထံသို့ ထုတ်ချေးပေးပြီး လုပ်ငန်းများ လုပ်ဆောင်နေပြီ လည်း ဖြစ်သည်။

ရခိုင်ပြည်နယ်သည် ကိုဗစ်-၁၉ ကပ်ရောဂါကြီး ကိုလည်းကောင်း၊ ၂၀၂၁ ခုနှစ်နောက်ပိုင်း ဖြစ်ပေါ် ခဲ့ရသော နိုင်ငံရေး အကျပ်အတည်းများကြောင့် လည်းကောင်း စီးပွားရေးလုပ်ငန်းများတွင် အထိုက် အလျောက် ထိခိုက်မှုများရှိခဲ့သည်။ ထိုအထဲ နှစ်ရာ ဝဲစွဲ လဲရာသူ့ခိုးထောင်း ဆိုသလို ယခုနှစ် မေ ၁၄ ရက်တွင် ဖျက်အားပြင်း မိုခါမုန်တိုင်းကြီးတိုက်ခတ် ခြင်းကို ခံလိုက်ရရာ ကျန်းမာရေး၊ ပညာရေး၊ ဘာသာရေးအဆောက်အအုံများ၊ လူနေအိမ်များ၊ စက်ရုံအလုပ်ရုံများ ထိခိုက်ပျက်စီးခဲ့ရသေးသည်။ ပျက်စီးဆုံးရှုံးမှုတန်ဖိုးကျပ် ၅၂ ဘီလီယံအထိရှိခဲ့ရာ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကိုလည်း နိုင်ငံတော်အစိုးရက ခွန်အားစိုက်ထုတ် ဆောင်ရွက် ပေးလျက်ရှိသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မိုခါမုန်တိုင်းတိုက်ခတ်အပြီး နောက်တစ်နေ့ မေ ၁၅ ရက်တွင် စစ်တွေမြို့သို့ ရောက်ရှိခဲ့ပြီး အပျက်အစီးများကို လိုက်လံကြည့်ရှု ကာ စစ်တွေမြို့ အပါအဝင် ရခိုင်ပြည်နယ်ကို မိုခါ မုန်တိုင်းမတိုက်မီထက် ပို၍တိုးတက်အောင် ဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားခဲ့သည်။

## ရခိုင်တိုင်းရင်းသားခေါင်းဆောင်များ၏ဆန္ဒ

လွတ်လပ်ရေးရပြီးသည့်မှ ရခိုင်ပြည်နယ် ရရှိရေးအတွက် တစိုက်မတ်မတ်လှုပ်ရှား အရေးဆို တောင်းဆိုခဲ့သော ရခိုင်တိုင်းရင်းသားခေါင်းဆောင် များ၏ စိတ်ဆန္ဒတွင် ပြည်ထောင်စုမြန်မာနိုင်ငံ တော်ကြီး ပြိုကွဲမည့်အရေးကို မလိုလားခဲ့ကြ။ ၁၉၅၀-၅၁၊ ၁၉၆၀ ပြည့်နှစ်များက ရခိုင်တိုင်းရှိ နိုင်ငံရေးပါတီများတွင် ဖဆပလပြီးလျှင် အင်အား အကောင်းဆုံး တိုင်းရင်းသားပါတီမှာ ရခိုင်တိုင်းရင်း သားညီညွတ်ရေးပါတီ (ရ-တ-ည) ဖြစ်သည်။ ထိုစဉ်က ရ-တ-ည ပါတီ၏ ရခိုင်ပြည်နယ်ရရှိရေး တောင်းဆိုချက် သဘောထားမှာ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းပေးထား သည့်အတိုင်း ကိုယ်ပိုင်လွတ်လပ်မှုနှင့် ညီတူညီမျှ အခွင့်အရေးရထိုက်ကြောင်း ယုံကြည်သဖြင့် တောင်းဆိုရခြင်းဖြစ်ကြောင်း ထိုစဉ်က ရ-တ-ည ပါတီခေါင်းဆောင်တစ်ဦးဖြစ်သူ ရက္ခန်ဦးလှထွန်းဖြူ (နောင်-မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အစိုးရ လက်ထက် နိုင်ငံတော်ကောင်စီဝင်)က ရခိုင်လူမျိုး နှင့် ကိုယ်ပိုင်အုပ်ချုပ်ရေး ခေါင်းစဉ်ဖြင့် ရေးသားခဲ့ သည့်စာတမ်းတွင် ဖော်ပြထားသည်ကို တွေ့ရသည်။

ဦးလှထွန်းဖြူက မြန်မာနိုင်ငံတော်ကြီးကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အဖြစ် အမိုင်အခံ့ အညီအညွတ် တည်ထောင်ဖွဲ့စည်းရာတွင် ရှမ်း၊ ကရင်၊ ကချင်၊ မွန်၊ ကယား၊ ချင်း၊ ပအို့ စသည့် မြန်မာနိုင်ငံအတွင်းနေထိုင်သည့် တိုင်းရင်းသား လူမျိုးအားလုံးနှင့်တကွ လူမျိုးစုအားလုံးတို့ အခွင့် အရေး တန်းတူညီမျှခံစားနိုင်ခွင့်ရှိသည်ဟုလည်း ဖော်ပြခဲ့သည်။ ၎င်းက ဆက်လက်၍ ရခိုင် ပြည်နယ်တောင်းဆိုခြင်းမှာ အကြောင်းမဲ့သက်သက် တရားမဝင်တောင်းဆိုခြင်းမဟုတ်ဘဲ လူမျိုးတစ်မျိုး အနေဖြင့် ရထိုက်သောအခွင့်အရေး ရှိနေသည့်အပြင် မြန်မာနိုင်ငံတော်၏ လက်ရှိဖွဲ့စည်းပုံအခြေခံ ဥပဒေစနစ်(၁၉၄၇ ဖွဲ့စည်းပုံဥပဒေ)အရ ပြည်နယ် များအားလုံး သို့မဟုတ် လူမျိုးစုအားလုံး တစ်ဦးနှင့် တစ်ဦး ပေါင်းဖက်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ထိုသို့ ပေါင်းဖက်ရာတွင်လည်း မိမိတို့တိုင်းရင်းသား လူမျိုးများ၏ မူလအခြေအနေ ပျက်ပြားသွားအောင် တစ်နိုင်ငံတည်းအဖြစ် ပူးပေါင်းခြင်းကိုမူ မလိုလား ကြောင်း၊ ပြည်နယ်များရှိ လူမျိုးများအနေဖြင့် မိမိတို့ ၏ ကိုယ်ပိုင်အုပ်ချုပ်ရေးကို မထိခိုက်၊ မပျက်စီး စေသော စည်းလုံးညီညွတ်ရေးနှင့် လုံခြုံရေးအတွက် ဦးတည်ပြီး ပြည်ထောင်ဆိုသောအမည်နှင့် ဗမာ၊ ရခိုင်၊ ကရင်၊ ရှမ်း၊ ကချင်၊ မွန်၊ ချင်း၊ ကယား၊ ပအို့ စသည့် တိုင်းရင်းသားလူမျိုးများအားလုံး စုစည်း ထားခြင်းပင်ဖြစ်ကြောင်း၊ ယခု(၁၉၄၇ ခုနှစ် ဖွဲ့စည်း ပုံ) ပြည်ထောင်စုအုပ်ချုပ်ရေးစနစ်မှာ လူမျိုး အချင်းချင်းညီညွတ်ရေးနှင့် လူမျိုးအချင်းချင်းတို့၏ အခွင့်အရေးများ တန်းတူညီမျှရေး ခိုင်မြဲစေရန် စီမံသည့် စနစ်ပင်ဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရသည်။

ရခိုင်တိုင်းရင်းသား ခေါင်းဆောင်များ၏ စိတ်ဆန္ဒတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ပြိုကွဲမည့်အရေးကို မလိုလားကြောင်း အထက်ပါ ရခိုင်တိုင်းရင်းသားခေါင်းဆောင် ဦးလှထွန်းဖြူ၏ တင်ပြချက်က ထင်ရှားနေပေသည်။ ရခိုင်နိုင်ငံရေး ပါတီများ၏ တစိုက်မတ်မတ် တောင်းဆိုခဲ့မှု ကြောင့် ရခိုင်ပြည်သူတို့ လိုလားခဲ့ကြသော ရခိုင်ပြည်နယ်သည် ၁၉၇၄ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် ၁၉၇၄ ခုနှစ် အခြေခံဥပဒေအရ ဖြစ်ထွန်းပေါ်ပေါက်ခဲ့ခြင်းဖြစ် သည်။ ရခိုင်ပြည်သူတို့ ဂုဏ်ယူရသော ရခိုင်ပြည်နယ် အဖြစ် ပေါ်ထွန်းခဲ့သည်မှာ နှစ်ပေါင်း ၅၀ ရှိခဲ့ပြီ ဖြစ်သလို ရခိုင်ပြည်နယ်နေ့ကို ဂုဏ်ယူဝင့်ကြွားစွာ ကျင်းပခဲ့ကြသည်မှာ ၄၉ နှစ်သို့တိုင် ရောက်လာ ခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံကို ပြည်ထောင်စုနိုင်ငံသားများ၏ အမျိုးသားစိတ်ဓာတ်ကို အခြေခံသော မျိုးချစ် စိတ်ဓာတ်ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ လူမျိုးတို့ တည်တံ့ရန်၊ တိုးတက်ဖွံ့ဖြိုးရန် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်နေဖို့ လိုအပ်သည်။ မျိုးချစ် စိတ်ဓာတ်သည် စည်းလုံးညီညွတ်မှုကို ဖြစ်စေသည်။ စည်းလုံးညီညွတ်မှုမှတစ်ဆင့် ဖွံ့ဖြိုးတိုးတက်မှု၊ တည်တံ့ခိုင်မြဲမှုကို ဖြစ်ထွန်းစေသည်။ ရခိုင်ပြည်သူ များအပါအဝင် မြန်မာနိုင်ငံ တိုင်းရင်းသားပြည်သူ များအားလုံးတို့သည် စစ်မှန်သော အမျိုးသားရေး အမြင်၊ အမျိုးသားရေးအသိ၊ အမျိုးသားရေးသတိ ရှိနေဖို့ လိုအပ်သည်။ ကိုလိုနီနယ်ချဲ့လက်အောက် ကျရောက်နေခဲ့ရချိန်အခါက နယ်ချဲ့သမားများက ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးတို့၏ စိတ်ဓာတ်နှင့် အားမာန်ကို ချိုးနှိမ်ထားခြင်းခံခဲ့ရသည်။ အမျိုး၊ ဘာသာ၊ သာသနာ မေးမှိန်အောင် အမျိုးသားရေး စိတ်ဓာတ်ကို ဖျက်ဆီးခဲ့ကြသည်။ သွေးခွဲအုပ်ချုပ် သည့်စနစ်ဖြင့် တောင်တန်းနှင့်ပြည်မ ဟူ၍ ခွဲခြား ဆက်ဆံခြင်းခံခဲ့ရသည်။ သို့ရာတွင် ပြည်သူတို့၏ စည်းလုံးညီညွတ်မှုအင်အားဖြင့် မြန်မာ့လွတ်လပ် ရေးကို ရယူနိုင်ခဲ့သည်။

ရခိုင်ပြည်သူတို့သည် မြန်မာနိုင်ငံတွင် နေထိုင် သည့် တိုင်းရင်းသားပြည်သူများနှင့်အတူ ကိုလိုနီ နယ်ချဲ့တို့၏လက်အောက်မှ လွတ်လပ်ရေးကို ရယူနိုင်ခဲ့ကြသည်။ သို့ရာတွင် နယ်ချဲ့သမားများ ၏အန္တရာယ်ကား ချုပ်ငြိမ်းမသွား။ တိုင်းရင်းသား ပြည်သူများအကြား သပ်လျှိုသွေးခွဲမှုများဖြင့် မြန်မာနိုင်ငံအား အစိတ်စိတ်အမြွာမြွာ ဖြစ်စေရန် လုပ်ဆောင်နေကြသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် တိုင်းရင်းသားပြည်သူများ လိုလားသည့် ဖက်ဒရယ် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေး၊ ပါတီစုံ ဒီမိုကရေစီလမ်းကြောင်းအတိုင်း လျှောက်လှမ်းရေး ကို သဘောတူလက်ခံထားပြီးဖြစ်သည်ကို တွေ့ရ သည်။ အချို့ကိစ္စရပ်များမှာ လွှတ်တော်တစ်ရပ် ဖြစ်ပေါ်လာပြီးနောက် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖြေရှင်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းလည်း နားလည် သဘောပေါက်ရပေမည်။ ယနေ့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ လျှောက်လှမ်းနေသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်တွင် တိုင်းရင်းသားများ တောင်းဆိုနေသည့်အချက်များအားလုံး ပါဝင်နေပြီး ဖြစ်ရာ ပြည်ထောင်စုကြီး လုံးဝမပြိုကွဲရေးအတွက် ဒို့တာဝန်အရေးသုံးပါး ဖြစ်သည့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြို ကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို အမျိုးသားရေးခံယူချက်ဖြင့် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း တိုက်တွန်းရေးသားလိုက်ရ ပေသည်။ ။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်ပြည်သူများက ပဲထမင်းဘူးများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်း



**နေပြည်တော်  ဒီဇင်ဘာ ၁၄**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။

ယနေ့တွင်လည်း စေတနာရှင်အလှူရှင် ပြည်သူများက အရှေ့မြောက်တိုင်း စစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပဲထမင်းဘူးများနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှတစ်ဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၇၆)နှစ်မြောက် တပ်မတော်(လေ)နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်

**နေပြည်တော်  ဒီဇင်ဘာ ၁၄**

(၇၆)နှစ်မြောက် တပ်မတော်(လေ)နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် တပ်မတော်(လေ)မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များက ယနေ့တွင် ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၁၀၀ အား ပေးအပ်လှူဒါန်းရာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာအား ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ကျောက်ဆည်၌ သဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေး

**ကျောက်ဆည်  ဒီဇင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မီးသတ်ဦးစီးဌာနမှ ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးအစီအစဉ် (Kaeru Caravan) ကို ယနေ့နံနက် ၁၀ နာရီက အထက(၂) ကျောက်ဆည် ရွှေသရဖီခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျောက်ဆည်ခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးစောလွင်အေးက သဘာဝဘေးအန္တရာယ် အသိပညာပေးအကြောင်း ရှင်းလင်းပြောကြားပြီး သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးအစီအစဉ်တွင် ပါဝင်မည့် ကျောင်းသား ကျောင်းသူများက သတ်မှတ်နေရာများတွင် အသင့်နေရာယူပြီး ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးစောလွင်အေးနှင့် တပ်ဖွဲ့ဝင်များသည် ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ ၁၃၀ နှင့်အတူ အစီအစဉ်အတိုင်း ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **မောင်ကျော်ကြီး**



# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

**နေပြည်တော်  ဒီဇင်ဘာ ၁၄**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Dongfeng Motor Corporation Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Faw Toyota bZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Super Seven Stars Motors Industry Co., Ltd. မှ တင်သွင်းလာသော ကိုရီးယားနိုင်ငံထုတ် KIA NIRO အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# လောင်းလုံးမြို့နယ် ညင်းမော်ရွာကို စစ်တပ်က ဝင်ရောက်စီးနင်းပြီး သိန်း ၅၀၀ ကျော်တန်ဖိုးရှိ ပြည်သူပိုင် ပစ္စည်းများကို ဓားပြတိုက် ခိုးယူသွားဟု တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit Media မှ ကောလာဟလသတင်း ရေးသားဖြန့်ဝေ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

တနင်္သာရီတိုင်း လောင်းလုံးမြို့နယ် ညင်းမော်ရွာကို တပ်မတော်က ဝင်ရောက်စီးနင်းပြီး သိန်း ၅၀၀ ကျော်တန်ဖိုးရှိ ပြည်သူပိုင်ပစ္စည်းများကို ဓားပြတိုက်




ခိုးယူသွားသည်ဟု မဟုတ်မမှန်သတင်းများကို ပြည်ဖျက်မီဒီယာတစ်ခုဖြစ်သည့် Khit Thit Media က လူမှုကွန်ရက်စာမျက်နှာတွင် မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာနယ်မြေရှိ လုံခြုံရေးတပ်ဖွဲ့ တာဝန်ရှိသူတစ်ဦး၏ ဖြေကြားချက်အရ ဒီဇင်ဘာ ၁၃ ရက်က တပ်မတော်မှ လောင်းလုံးမြို့နယ် ညင်းမော်ကျေးရွာနှင့်အနီးတစ်ဝိုက်တွင် နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်ခဲ့မှုမရှိကြောင်း၊ သတင်းအမှားသာ ဖြစ်ကြောင်း သိရှိရသည်။

သို့ဖြစ်ပါ၍ တရားမဝင်ပြည်ဖျက်မီဒီယာများ အနေဖြင့် တပ်မတော်နှင့် ပြည်သူလူထုအကြား အထင်အမြင်လွဲမှားစေရန်အတွက် မဟုတ်မမှန်သတင်းများကို အချိန်ကိုက် ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်အတွင်းမှ ရပ်ကျေးအုပ်ချုပ်ရေးမှူး ၄၅ ဦး နုတ်ထွက်စာတင်ထားသော်လည်း ထွက်ခွင့်မရဟု လူမှုကွန်ရက်စာမျက်နှာများတွင် သတင်းတု၊ သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်အတွင်းမှ ရပ်ကျေးအုပ်ချုပ်ရေးမှူးများအား ဒီဇင်ဘာ ၆ ရက်ကစပြီး ဟင်္သာတမြို့ရှိ နယ်မြေခံတပ်ရင်းတွင် စစ်သင်တန်း တက်ရမည်ဖြစ်ကြောင်း၊ ပြီးရင် ရှေ့တန်းကို ပို့ခံရမည်ဖြစ်သည့်အတွက် ရပ်ကျေးအုပ်ချုပ်ရေးမှူးများမှ နုတ်ထွက်စာတင်သော်လည်း ထွက်ခွင့်မရဟု သတင်းတု၊ သတင်းမှားများအား လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားဖြန့်ဝေလျက်ရှိသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ မှန်ကန်မှုမရှိသည့် သတင်းတု၊ သတင်းမှားများသာဖြစ်ကြောင်း တပ်တွင်းသတင်းအရင်းအမြစ်များနှင့် ဟင်္သာတမြို့နယ် ရပ်ကျေးအုပ်ချုပ်ရေးမှူးများ၏ ပြောကြားချက်အရသိရှိရသည်။

ပြည်ဖျက်မီဒီယာများမှ မီဒီယာကို အကြမ်းဖက်လက်နက်သဖွယ် အသုံးချကာ သတင်းတု၊ သတင်းမှားများကို ရေးသားဖော်ပြလျက်ရှိပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်နှင့် တပ်မတော်အား ဂုဏ်သိက္ခာကျဆင်းစေရန် လုပ်ဆောင်နေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ပေါင်မြို့နယ်၌ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန် လူငယ်စကားဝိုင်း ကျင်းပ

**ပေါင် ဒီဇင်ဘာ ၁၄**

မွန်ပြည်နယ် ပေါင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယနေ့ နံနက် ၁၀ နာရီက ပေါင်မြို့နယ် အထကမင်းတန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ လူငယ်စကားဝိုင်းတွင် အထကမင်းတန်းကျောင်းအုပ်ဆရာမကြီး ဒေါ်ဥမ္မာခင်က အဖွင့်အမှာ စကားပြောကြားပြီး ပေါင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင်ဇာစိုးက လူငယ်စကားဝိုင်းများ ကျင်းပရခြင်းရည်ရွယ်ချက် ရှင်းလင်းပြောကြားသည်။



ယင်းနောက် လူငယ်စကားဝိုင်းကို ကျင်းပရာ ပေါင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင်ဇာစိုးက အစီအစဉ်တင်ဆက်သူအဖြစ် ဆောင်ရွက်ပြီး အထကမင်းတန်းကျောင်းမှ Grade-11 ကျောင်းသား မင်းပိုင်ဇင်ခန့်ဖြိုးက လူငယ်နှင့်ပညာရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-11 ကျောင်းသား မင်းလျှံထောက လူငယ်နှင့်နည်းပညာ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade – 11 ကျောင်းသူ မမြသဇင်ဦးက အဏ္ဏဝါ အမှိုက်သရိုက်နှင့် ပလတ်စတစ် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-10 ကျောင်းသူ မိခိုင်ဇာလင်းက လူငယ်နှင့်ယဉ်ကျေးမှု ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade-10 ကျောင်းသူ မိလှိုင်သဇင်ထွန်း က လူငယ်နှင့်စာရိတ္တ ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးခဲ့ကြပြီး ကျောင်းသား ကျောင်းသူများက လူငယ်စကားဝိုင်းတွင် ဆွေးနွေးခဲ့သည့် အကြောင်းအရာများအပေါ် အခြေခံကာ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းရာ ဦးစီးအရာရှိ ဒေါ်တင်ဇာစိုးက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ရွှေတောင်မြို့နယ် အခြေခံပညာ အလယ်တန်းကျောင်း မယားမာန်၌ လူငယ်စကားဝိုင်းကျင်းပ

**ရွှေတောင် ဒီဇင်ဘာ ၁၄**

ရွှေတောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ဒီဇင်ဘာ ၁၄ ရက် နံနက်ပိုင်းက ရွှေတောင်မြို့နယ် အလကမယားမာန်ကျောင်း ယုဇနဆောင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးရာဇာလင်းနှင့် လက်ထောက်မြို့နယ်ပညာရေးမှူး ဦးကိုကိုဦးတို့က အမှာစကား ပြောကြားသည်။ ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ငြိမ်းငြိမ်းသန့်က လူငယ်စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ယုနိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နွေးဒါလီနိုင်နှင့် ဒုတိယ အလယ်တန်းပြဆရာမ ဒေါ်စုစုနိုင်တို့က ဦးဆောင်ဆွေးနွေးသူများအဖြစ် ဆောင်ရွက်ပြီး အလကမယားမာန်ကျောင်းမှ Grade-9 ကျောင်းသူ မမိုးယုဇင်က လူငယ်နှင့် ကျန်းမာရေး၊ မငြိမ်းသီရိစံက လူငယ်နှင့်စာပေ၊ Grade-8 ကျောင်းသား မောင်ဟိန်းထက်ဇော်က လူငယ်နှင့် မူးယစ်ဆေးဝါး၊ Grade-9 ကျောင်းသူ မသူသူထွန်းက လူငယ်နှင့် နည်းပညာ၊ မဆောင်းသဇင်ဦးက လူငယ်နှင့် အားကစား စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးကြရာ တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက ကဏ္ဍအလိုက် သိရှိလိုသည်များကို မေးမြန်းကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးကြောင်း သိရသည်။

**ကိုကိုမင်း (ပြန်/ဆက်)**



## ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်ကြီး၌ ဥပ္ပါတသန္တိပါဠိတော်မြတ်ကြီး ရွတ်ဖတ်ပူဇော်

**ပဲခူး ဒီဇင်ဘာ ၁၄**

ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့က ကြီးမှူး၍ ဒီဇင်ဘာ ၁၃ ရက် နံနက်က စေတီတော်ကြီး ရင်ပြင်တော်ရှိ အရိယာဝါသတေဒင် တန်ဆောင်းတော်ကြီး၌ ဥပ္ပါတသန္တိပါဠိတော်မြတ်ကြီး ရွတ်ဖတ်ပူဇော်ခြင်းအခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များနှင့် ပဲခူးတိုင်းဒေသကြီး သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဌေးလှိုင်နှင့် ဝန်ထမ်းများ၊ ဂေါပကအဖွဲ့များနှင့် ဧည့်ပရိသတ်များ၊ ဘာသာရေးအသင်းအဖွဲ့များက နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်သည်။ ထို့နောက် ပဲခူးမြို့ ရတနာသီရိန္ဒကျောင်းတိုက်အုပ်ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် ဥပ္ပါတသန္တိပါဠိတော်မြတ်ကြီးအား ကိုးသိန်းကျောင်းတိုက်ဆရာတော်မှ ဦးဆောင်၍ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များက အလှည့်ကျရွတ်ဖတ်ပူဇော်ကြသည်။

အဆိုပါ ဥပ္ပါတသန္တိပါဠိတော်ရွတ်ဖတ်ပူဇော်ခြင်းကို သုံးရက်တိုင်တိုင် ကမ္ဘာသူ၊ ကမ္ဘာသားများနှင့် မြန်မာနိုင်ငံသူ နိုင်ငံသားများ ငြိမ်းချမ်းစွာ နေထိုင်နိုင်ရန် ရည်ရွယ်၍ ရွတ်ဖတ်ပူဇော်မည်ဖြစ်ကြောင်း သိရသည်။

**သက်ထက်**

## ရှမ်းပြည်နယ်မြောက်ပိုင်း၌ လျှပ်စစ်မီး ပြန်လည်ရရှိ

**သီပေါ ဒီဇင်ဘာ ၁၄**

